ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 17 February 2022 ၁၀၆၅၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံစဉ်။

# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ယှဉ်တွဲဆောင်ရွက်ပြီး ဒေသတွင်းဖူလုံလာပါက အနီးနားရှိဒေသများနှင့် အိမ်နီးချင်းနိုင်ငံများသို့ အရည်အသွေးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ တင်ပို့နိုင်မည်ဖြစ်သဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်

## မိမိတို့နိုင်ငံနှင့် ဒေသတိုးတက်ရေးအတွက် ပညာရည်မြင့်မားရေးဆိုင်ရာကိစ္စရပ်များကို ဒေသခံပြည်သူများအားလုံးက ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ယနေ့တွင် မိုင်းခတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်း မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့မှ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရှမ်း၊ လားဟူ၊ အာခါ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်း၊ မိုင်းခတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိုး၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❒

**ယနေ့** ဖတ်စရာ

**ဒီမိုကရေစီဟု ဆိုရာဝယ် . . .**

ဆောင်းပါး စာမျက်နှာ » ၈




**ဗီယက်နမ်အစိုးရက နိုင်ငံခြားသားခရီးသွားများအား မတ် ၁၅ ရက်မှစပြီး ပြည်ဝင်ခွင့်ပြုမည်**

စာမျက်နှာ » ၁၃

**ရင်းနှီးချစ်ကြည် သွေးချင်းတို့ဌာနီ**

စာမျက်နှာ » ၂၀၊ ၂၁

**မီဒီယာ အဆိပ်သင့်တဲ့ ပြည်**

ဆောင်းပါး စာမျက်နှာ » ၁၆



ကြေးမုံ

# စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲနေ

မြန်မာနိုင်ငံသည် မြေမျက်နှာပြင် ပထဝီဝင်အနေအထားနှင့် မှီတင်းနေထိုင်ကြသော လူမျိုးစုများ၏ အခြေအနေတို့သည် အခြားမည်သည့်နိုင်ငံနှင့်မျှမတူ ထူးခြားသည့် ဝိသေသလက္ခဏာများ ပိုင်ဆိုင်ထားသည်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံး သိရှိနားလည်နိုင်စေရေး ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါသည်။ ထို့အပြင် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစုများသည် ပြည်ထောင်စုကြီးအတွင်း ရှေးနှစ်ပေါင်း ထောင်ချီကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသည်ကိုလည်း အားလုံးက သိရှိနားလည်ထားကြရန်လိုအပ်ပါသည်။

ပြည်ထောင်စုသားအားလုံး သိရှိနားလည်ထားကြမှလည်း ငါတို့လူမျိုးသည် အခြားနိုင်ငံက လူမျိုးများနှင့်မတူ၊ ငါတို့နေထိုင်မှုဘဝများသည် အခြားနိုင်ငံမှ လူမျိုးများနှင့်မတူ ငါတို့သည် မတူကွဲပြားကြသော်လည်း တစုတစည်းတည်း အတူလက်တွဲနေထိုင်ခဲ့ကြသည့်လူမျိုး၊ မတူကွဲပြား ခွဲခြား၍မရသော လူမျိုးဖြစ်သည်ဟု နားလည်အသိအမှတ်ပြုနေကြမည်ဖြစ်သည်။ ငါတို့သည် တသီးတခြားလူမျိုးများဟု မည်သည့်အခါမျှ ခွဲခြားထား၍ရမည်မဟုတ်ပေ။ ခွဲခြားနိုင်သည့်အခြေအနေများလည်းမရှိပေ။ သို့ဖြစ်၍ အားလုံးတပေါင်းတစည်း အတူလက်တွဲပြီး နားလည်မှုရှိစွာဖြင့် နေထိုင်ကြရမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ ပြည်ထောင်စုနိုင်ငံများတွင် အစဉ်အဆက်လူမျိုးနွယ်များရှိကြပြီး လူမျိုးနွယ်များအားလုံးတို့သည် အတူလက်တွဲနေထိုင်ခဲ့ကြသည်ကို သိရှိနားလည်ထားကြပြီး မျိုးနွယ်အားလုံး ဟန်ချက်ညီနေသရွေ့ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲနေသည်ကို တွေ့ရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် စစ်ပြီးကာလ၊ စစ်အေးကာလ၊ စစ်အေးလွန်ကာလများတွင် အချို့နိုင်ငံများ ပြိုကွဲသွားသည်ကို တွေ့ရမည်ဖြစ်သည်။ အချို့နိုင်ငံများမှာ ပြန်လည်ပေါင်းစည်းသွားပြီး အချို့နိုင်ငံများမှာ ပြိုကွဲပဲ့ထွက်သွားရာ တစ်ဖက်နှင့်တစ်ဖက် ရန်သူသဖွယ် ယနေ့ထက်တိုင်ဆက်ဆံနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ပြည်ထောင်စုနိုင်ငံများ ပြိုကွဲရခြင်း၏ အဓိကအကြောင်းရင်းများတွင် ပြည်ပမှ သွေးထိုးလှုံ့ဆော်မှု၊ သွေးခွဲမှု၊ သပ်လျှိုထိုးဖောက်ဖျက်ဆီးမှုများ မကင်းခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် အင်အားနည်းနိုင်ငံများအား ပြည်ပအင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံက ဝင်ရောက်စွက်ဖက် သွေးထိုးနှောင့်ယှက်နေသည်ကို မြင်တွေ့ရမည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင် တိုင်းရင်းသားလူမျိုးစုများ စုပေါင်းနေထိုင်ကြသော်လည်း အဓိကလူမျိုးစုကြီးအနည်းငယ်သာရှိပြီး လူဦးရေနည်းသော လူမျိုးငယ်များနှင့် ငြိမ်းချမ်းစွာအတူနေထိုင်ကြသည်။ နိုင်ငံအတွင်း နေထိုင်ကြသော လူမျိုးစုများအားလုံး ဟန်ချက်ညီမျှတ စည်းလုံးနေသဖြင့် မည်သူမျှသွေးထိုးလှုံ့ဆော် ဖြိုခွဲနိုင်ခြင်းမရှိချေ။

ကမ္ဘာပေါ်ရှိ ပြည်ထောင်စုနိုင်ငံများတွင် လူမျိုးစုများ ခုဂဏန်း၊ ဆယ်ဂဏန်း၊ အများဆုံးအားဖြင့် မျိုးနွယ် ၅၀ ကျော်ခန့်သာရှိကြသည်။ မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသည့် အဓိက တိုင်းရင်းသားမျိုးနွယ်စုကြီး ရှစ်မျိုးရှိသည်ဟုဆိုသော်လည်း လူမျိုးရှစ်မျိုးအပါအဝင် တိုင်းရင်းသားမျိုးနွယ်စုများ ၁၃၀ ကျော်ရှိသည်။ အချို့တိုင်းရင်းသားများမှာ လူဦးရေများပြားပြီး အချို့တိုင်းရင်းသားများမှာ လူဦးရေနည်းပါးသည်။ တိုင်းရင်းသားမျိုးနွယ်စုကြီးများ၏ အသိအမှတ်ပြုထားသော ဒေသများရှိသော်လည်း မတူကွဲပြားသော မျိုးနွယ်စုများ ပေါင်းစုနေထိုင်ကြသည်။ အတူစီးပွားလုပ်ကိုင်ကြသည်။ ဤသည်မှာ ပြည်ထောင်စုပင်ဖြစ်သည်။ ဤသည်မှာ စည်းလုံးညီညွတ်မှုပင်ဖြစ်သည်။ ဤစုစည်းမှုကို မည်သို့မျှ ခွဲထုတ်၍ရမည်မဟုတ်ပေ။

လူဦးရေနှင့်လူမျိုးစုများ ကွဲပြားခြားနားသော်လည်း တိုင်းရင်းသားအားလုံး၊ နိုင်ငံသားအားလုံး ရရှိခံစားနိုင်သော အခွင့်အရေးများမှာ တန်းတူညီမျှဖြစ်သည်။ တိုင်းရင်းသားလူမျိုးများအားလုံး လွတ်လပ်စွာနေထိုင်ခွင့်ရှိသည်။ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသည်။ လွတ်လပ်စွာလုပ်ကိုင်ခွင့်ရှိသည်။ မည်သူ့ကိုမျှ ခွဲခြားဆက်ဆံခြင်းမရှိ၊ ယင်းသည် လွတ်လပ်သောပြည်ထောင်စုနိုင်ငံ၏ အနှစ်သာရဖြစ်သည်။ ယင်းကို ဖြိုဖျက်ရန် ကြိုးစားအားထုတ်သူသည် မိုက်မဲခြင်းဖြစ်သည်။ သွေးထိုးမြှောက်ပင့်ပေးမှုကို နားယောင်လက်ခံပြီး သွေးကွဲအောင်နေထိုင်မှုသည် မတူကွဲပြားမှုများ တစုတပေါင်းတည်းရှိနေမှုကို ကျော်လွှားနိုင်ခြင်းရှိမည်မဟုတ်ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ထာဝရအခွန့်ရှည်စွာ တည်ရှိနေမည်ဖြစ်သည်။ ဤပြည်ထောင်စုနိုင်ငံတွင် စစ်မှန်သောဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သည့် လူအများစု၏ဆန္ဒကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပြီး လူနည်းစု၏ဆန္ဒကိုလည်း လေးစားလိုက်နာလျက်ရှိသည်။ သို့ဖြစ်ရာ တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို မည်သို့မျှခွဲခြားရမည်မဟုတ်ဘဲ အားလုံးသည် အတူတကွ စုပေါင်းနေထိုင်ကြသည်ဟူသော အသိစိတ်ဓာတ်ရှိနေသရွေ့ ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည် တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါကြောင်း။ ။

## (၁၂) ကြိမ်မြောက် မဲခေါင်စာပေဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံစာရေးဆရာအသင်း (၁၂) ကြိမ်မြောက် မဲခေါင်စာပေဆုရွေးချယ်ရေးအဖွဲ့သည် ပြိုင်ပွဲဝင်စာအုပ်များဖိတ်ခေါ်၍ အပြီးသတ်စိစစ်ရွေးချယ်ခဲ့ရာ ဝတ္ထုတိုပေါင်းချုပ်ဆုကို **“အကြီးကိုကို (ကသာ)”** (ဦးဇော်ဝင်းအောင်) ရေးသားသည့် **“ပြိုပျက်ခဲ့သောသက္ကရာဇ်များ” (Anthology of Ruined Eras)** ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုကို **“စလင်းဘုန်းကျော်”** (ဦးသန်းအေး) ရေးသားသည့် **“နွေဦးအော်ပရာ ကဗျာများ” (Spring Opera Poems)** ကလည်းကောင်း ရရှိကြောင်း ထုတ်ပြန်ကြေညာထားကြောင်း သိရသည် ။

ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ် (ယူနန်ပြည်နယ်) နိုင်ငံတို့ပါဝင်သည့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွက် ချီးမြှင့်မည့် (၁၂) ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျတာဝန်ယူရမည့် လာအိုနိုင်ငံ၏အစီအစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သင်တန်းကျောင်းများတွင် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၆

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း ၃၆ ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း လေးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၂၀ တို့၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများကို သင်တန်းကျောင်း အသီးသီး၌ ဖေဖော်ဝါရီ ၁၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းကျောင်းများတွင် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများကို သိရှိမြတ်နိုးတန်ဖိုးထားတတ်လာစေပြီး တိုင်းရင်းသား လူငယ်မောင်မယ်များ၊ သင်တန်းသား သင်တန်းသူများ အချင်းချင်း ရင်းနှီးချစ်ကြည်စွာ ပိုမိုစည်းလုံး၍ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်လာစေရန် ရည်ရွယ်ကျင်းပပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆ - ၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၃၀၀ | ၁,၁၀၀ | ၉,၀၃၅,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၂,၉၄၄ | ၈,၈၃၂,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၅၁၁ | ၉,၇၀၉,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၈၀ | ၂၁၂,၀၀၀ |
| EFR | ၂,၈၅၀ | ၂,၈၅၀ | ၂၂၆ | ၆၄၅,၆၅၀ |
| AMATA | ၅,၃၀၀ | ၅,၃၀၀ | ၃ | ၁၅,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၂၄.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၀.၆၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၀၁၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၇၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၀၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၅.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၃.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၅.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၆၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်အိအိမွန် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒေသတွင်းလုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည်မှန်သမျှကို ကာကွယ်တားဆီးနိုင်ရေးဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများလိုက်ပါ၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ နယ်စပ်ဒေသများတွင် နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှု၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိမှု၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် နယ်မြေဒေသလုံခြုံရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့်စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေသည် သွားလာရေးအခက်အခဲရှိသည့် တိုင်းစစ်ဌာနချုပ်တစ်ခုဖြစ်ပြီး မိမိကိုယ်တိုင်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် နယ်မြေတစ်ခုဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့သည့်ကာလများတွင်လည်း တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေသည် အလှမ်းဝေးသည့် နယ်မြေဒေသတစ်ခုဖြစ်သဖြင့် ဆေးပစ္စည်းများ အချိန်မီပို့ဆောင်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ဒေသတွင်းလုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည်မှန်သမျှကို ကာကွယ်တားဆီးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ လျော့နည်းစေရေး

◆ **ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင် စာဖတ်ရန်လိုအပ်သကဲ့သို့ မိမိကွပ်ကဲအုပ်ချုပ်နေရသူများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးအတွက်လည်း အားပေးဆောင်ရွက်နေရမည်**

◆ **စာပေဗဟုသုတရှိမှသာလျှင် အမှားအမှန်ခွဲခြားသိမြင်နိုင်မည်ဖြစ်ပြီး တစ်ဦးချင်းကြုံတွေ့လာရသည့် အခက်အခဲများကို ကျိုးကြောင်းဆီလျော်စွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်**

◆ **တပ်မတော်အနေဖြင့်လည်း တပ်မတော်တစ်ရပ်လုံး၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိ**

လုပ်ဆောင်နေခြင်းသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်နေခြင်းပင်ဖြစ်ကြောင်း။

**အမြဲမပြတ်လေ့ကျင့်**

တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝနေရန် လိုအပ်မည်ဖြစ်ပြီး တပ်ရင်းတပ်ဖွဲ့အလိုက် လေ့ကျင့်ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးသင်တန်းကျောင်းများကလည်း အမြဲမပြတ်လေ့ကျင့်ပေးနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သောခေါင်းဆောင်များကိုယ်တိုင်က စည်းကမ်းကောင်းမှသာလျှင် စည်းကမ်းကောင်းမွန်ပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့်တပ်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ ညီညွတ်မှုတပြီး တပ်မှူးကောင်းစိတ်ထား၍ မိမိတို့၏လက်အောက်ငယ်သားများကို အုပ်ချုပ်ဆောင်ရွက်ရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်း၏ ရပိုင်ခွင့်များနှင့် သက်သာချောင်ချိမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မှူးများအနေဖြင့် စစ်သည်တစ်ဦးချင်း၏ အခြေခံစိတ်နေသဘောထားများကို သိရှိနေမှသာလျှင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်မည်ဖြစ်ပြီး ၎င်းတို့၏အားနည်းချက်၊ လိုအပ်ချက်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လက်အောက်ငယ်သားများအနေဖြင့်လည်း လိုက်နာရမည့် ကျင့်ဝတ်အပါး ၆၀ ကို တိတိကျကျလိုက်နာကျင့်သုံးရန် လိုအပ်မည်ဖြစ်ကြောင်း။

**အားပေးဆောင်ရွက်**

ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင် စာဖတ်ရန်လိုအပ်သကဲ့သို့ မိမိကွပ်ကဲအုပ်ချုပ်နေရသူများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးအတွက်လည်း အားပေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စာပေဗဟုသုတရှိမှသာလျှင် အမှားအမှန်ခွဲခြားသိမြင်နိုင်မည်ဖြစ်ပြီး တစ်ဦးချင်းကြုံတွေ့လာရသည့် အခက်အခဲများကို ကျိုးကြောင်းဆီလျော်စွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း တပ်မတော်တစ်ရပ်လုံး၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စွမ်းရည်စွမ်းအားရှိသောတပ် ဖြစ်လာစေရေးအတွက် ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်ဖြစ်သောကြောင့် တပ်မှူးများအနေဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ ချိန်ထိုးသုံးသပ် ဖြည့်ဆည်းဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်က စစ်သည်တစ်ဦးချင်း၏ စားရေး၊ နေရေး၊ ဝတ်ရေး၊ ကျန်းမာရေးတို့ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သည့်အတွက် ၎င်းတို့၏လူနေမှုဘဝမြှင့်တင်ရေးနှင့် စည်းကမ်းစနစ်တကျ နေထိုင်သွားလာစားသောက်မှု ဖြစ်စေရေးအတွက် အနီးကပ်ကွပ်ကဲနေရသည့် တပ်မှူးများက ထိန်းသိမ်းတည့်မတ်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ စစ်သားပီသသည့် စစ်ခေါင်းဆောင်များဖြစ်အောင် နေထိုင်ကျင့်ကြံကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ နယ်မြေခံပြည်သူလူထု၏ အကျိုးစီးပွားကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ပညာရေးအားပေးမှုနည်းပါးသည့် နယ်မြေဒေသဖြစ်သည့်အတွက် ပညာရည်အဆင့်အတန်းမြင့်မားလာစေရေး တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ **တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရန်လိုအပ်မည်ဖြစ်ပြီး တပ်ရင်းတပ်ဖွဲ့အလိုက် လေ့ကျင့်ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးသင်တန်းကျောင်းများကလည်း အမြဲမပြတ်လေ့ကျင့်ပေးနေရန်လိုအပ်**

◆ **အဆင့်ဆင့်သောခေါင်းဆောင်များကိုယ်တိုင်က စည်းကမ်းကောင်းမှသာလျှင် စည်းကမ်းကောင်းမွန်ပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်သည့်တပ်များဖြစ်လာမည်၊ ညီညွတ်မှုတပြီး တပ်မှူးကောင်းစိတ်ထား၍ မိမိတို့၏လက်အောက်ငယ်သားများကို အုပ်ချုပ်ဆောင်ရွက်ရန်လို**

◆ **တပ်မှူးများအနေဖြင့် စစ်သည်တစ်ဦးချင်း၏ အခြေခံစိတ်နေသဘောထားများကို သိရှိနေမှသာလျှင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်မည်ဖြစ်ပြီး ၎င်းတို့၏အားနည်းချက်၊ လိုအပ်ချက်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံစဉ်။

❒ ရှေ့ဖုံးမှ

မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် မြို့မိမြို့ဖများက ဒေသဆိုင်ရာအချက်အလက်များ၊ မိုင်းခတ်မြို့ပေါ် သောက်သုံးရေလိုအပ်ချက်၊ ပညာရေးဝန်ထမ်းလိုအပ်ချက်၊ မိုင်းခတ်မြို့ အဝင်လမ်းနှင့် မိုင်းခတ်-မိုင်းညှင်းလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးရေး၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေသည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်းယောင်းမြို့၏ အထင်ကရနေရာတစ်ခုဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် ထပ်လုံစေတီတော်သွားလမ်း၊ ယမ်းပုန်း-ဝမ်ဖြတ်-ဝမ်ယွတ် ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ပေးစေလိုသည့် အခြေအနေ၊ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ပြိုကျပျက်စီးနေသည့် နမ့်ဖွန်ချောင်းကူး ဒွန်းနွဲ့တံတားအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်ပြုပြင်ပေးစေလိုသည့် အခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းပြောကြား**

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးလှမိုး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းတို့က သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားရာ ကျေးလက်ချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ မိုင်းခတ်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာ ရရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ပညာရေးဝန်ထမ်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပညာရေးဝန်ထမ်းများကို ခေါ်ယူထားရှိသည့် အခြေအနေနှင့် လိုအပ်သည့်နေရာဒေသများကို အမြန်ဆုံးဖြည့်ဆည်း ခန့်အပ်ပေးသွားမည့် အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ပြောကြားရာ၌ မိမိအနေဖြင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်ထမ်းဆောင်စဉ် မိုင်းခတ်နှင့် မိုင်းယောင်းဒေသသို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ဖူးကြောင်း၊ မိုင်းညှင်းလမ်းကို စတင်ဖောက်လုပ်ရာတွင် များစွာကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိုင်းခတ်မြို့ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် နမ့်လွေချောင်းမှ ရေကို ခေတ်မီနည်းစနစ်များဖြင့် သန့်စင်၍ သုံးစွဲနိုင်မည်ဆိုပါက သောက်သုံးရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နမ့်လွေချောင်းတွင် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို သုတေသနပြုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လမ်းအဆင့်မြှင့်တင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုရောက်ရှိသည့်အချိန်တွင် မိုင်းခတ်ဒေသနှင့် မိုင်းယောင်းဒေသတို့သည် ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရပြီး ရောင်းဝယ်ဖောက်ကားမှုများ ပိုမိုကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ သို့သော်လည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှိပြီးသားဖြစ်သည့် မြေ၊ ရေ သယံဇာတများကို အကျိုးရှိအောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မိုင်းယောင်းဒေသသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ စပါးကျီဖြစ်ပြီး စပါးအပြင် အခြားသီးနှံများ စိုက်ပျိုးမှုများကိုလည်း လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ရေခံမြေခံကောင်းပြီးဖြစ်သဖြင့် အရည်အသွေးပြည့်မီသည့် ဆန်ထွက်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိုးတွင်း၌သာမက အခြားရာသီများတွင်လည်း ရေသွင်းစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်း Agricultural Base Industry သို့ သွားနိုင်ရေးလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဆန်ကိုအခြေခံသည့် ထုတ်ကုန်နှင့် အခြားအဆင့်မြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ စာမျက်နှာ ၅ သို့ ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရှမ်း၊ လားဟူ၊ အာခါ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

- **မိုင်းခတ်မြို့ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် နမ့်လွေချောင်းမှရေကို ခေတ်မီနည်းစနစ်များဖြင့် သန့်စင်၍ သုံးစွဲနိုင်မည်ဆိုပါက သောက်သုံးရေ လုံလောက်စွာရရှိနိုင်မည်ဖြစ်**
- **လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နမ့်လွေချောင်းတွင် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို သုတေသနပြုဆောင်ရွက်နိုင်မည်ဖြစ်**
- **လမ်းအဆင့်မြှင့်တင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်**

❒ စာမျက်နှာ ၄ မှ

ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍ ဒေသခံများ၏ စီးပွားရေးလုပ်ငန်းများဖြစ်ရန်လိုပြီး ဒေသခံများ၏ အမည်ခံ၍ အခြားသူများက လာရောက်လုပ်ကိုင်မှုများ မရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျ လှောင်မွေးသည့်စနစ်ဖြင့် မွေးမြူပါက စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့် ဇီဝမြေဩဇာများကို ရရှိနိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ စနစ်တကျ မွေးမြူခြင်းဖြင့် အသားအထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ယှဉ်တွဲဆောင်ရွက်ပြီး ဒေသတွင်း ဖူလုံလာပါက အနီးနားရှိ ဒေသများနှင့် အိမ်နီးချင်းနိုင်ငံများသို့ အရည်အသွေးမြင့် ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ တင်ပို့နိုင်မည်ဖြစ်သဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ရာတွင် ရေခံမြေခံကောင်းမွန်ပြီးဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်၍ရကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အသိပညာနှင့်အတတ်ပညာများ လိုအပ်သဖြင့် ပညာရေးကိုအားပေးရန်လိုကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့သည် ပညာရေးအားပေးမှု နည်းပါးပြီး ဘာသာစကား ကန့်သတ်ချက်၊ သွားလာမှု အခက်အခဲများ ရှိသည်ဖြစ်သော်လည်း ပညာရေးကို အားပေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိဘများကလည်း မိမိတို့ သားသမီးများ၏ ပညာရေးကို အားပေးရန် လိုအပ်သကဲ့သို့ စီးပွားရေးတိုးတက်အောင်လည်း လုပ်ဆောင်ကြရန်လိုကြောင်း၊ မိမိအနေဖြင့် ရောက်ရှိသည့်နေရာတိုင်းတွင် ပညာရေးကို အားပေးဆောင်ရွက်ရေးအတွက် အမြဲတစေ တိုက်တွန်းပြောကြားခဲ့ပြီး လိုအပ်သည်များကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေး အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်ပေးထားပြီး ပညာတတ်များ ပေါ်ကြွယ်ဝရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများသည် ပညာရပ်ဆိုင်ရာများအလိုက် မွေးထုတ်ပေးထားသည့် ဝန်ထမ်းများဖြစ်ကြောင်း၊ နိုင်ငံရေးအခြေအနေကြောင့် CDM ပြုလုပ်သွားသည့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများကို ဝန်ထမ်းစည်းမျဉ်း စည်းကမ်းအရ တာဝန်ပြန်လည်ထမ်းဆောင်ရေးအတွက်လည်း တိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း၊ အတန်းပညာများကို သင်ကြားပေးနေသည့် ဆရာ ဆရာမများအနေဖြင့် အရည်အချင်းပြည့်ဝရန်လိုအပ်သကဲ့သို့ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း စနစ်တကျဖြင့် ကြိုးစားသင်ယူရန်လိုကြောင်း၊ ကျောင်းသား၊ မိဘ၊ ဆရာနှင့် အုပ်ချုပ်သူများအားလုံး ပါဝင်ဆောင်ရွက်မှသာ ပညာရေးမြင့်မားလာမည်ဖြစ်ကြောင်း၊ အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်ပြီးပါက စိုက်ပျိုးမွေးမြူရေးနှင့်သက်ဆိုင်သည့် ပညာရပ်များ သင်ယူရန်အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် တက္ကသိုလ်ပညာရပ်များကို အဆင့်ဆင့်တက်ရောက်သင်ယူရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာသင်ယူရာတွင်လည်း ကျိုင်းတုံမြို့ရှိ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြား၍ ရကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာများအလိုက် ထူးချွန်သူများ ပေါ်ထွန်းလာစေရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပညာသင်ကြားရေးနှင့်ပတ်သက်၍ တတ်နိုင်သည့်ဘက်မှ အားပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဒေသတွင်းမှ ပညာတတ်အရင်းအမြစ်များ ပေါ်ထွက်လာစေရေး အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံနှင့် ဒေသတိုးတက်ရေးအတွက် ပညာရည်မြင့်မားရေးဆိုင်ရာကိစ္စရပ်များကို ဒေသခံပြည်သူများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ဒေသစီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်၍ရကြောင်း၊ ယခုဒေသသည် ယခင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် နာမည်ဆိုးများ ရှိခဲ့သော်လည်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်မှ တားဆီးဆောင်ရွက်ခဲ့မှုများကြောင့် ယခုအခါ နည်းပါးသွားပြီဖြစ်ကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ထိန်းသိမ်းကြရန်လိုကြောင်း၊ စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းတို့ဖြင့် တိုးတက်မှုကိုသာ မြင်တွေ့လိုကြောင်း။

မိမိအနေဖြင့် မိုင်းခတ်ဒေသကို မူးယစ်ဆေးဝါးကင်းစင်ပြီး ဒေသတွင်းရှိလူမှုစီးပွားဘဝများတိုးတက်မှုများရှိသည့် ဒေသတစ်ခုဖြစ်စေလိုကြောင်း၊ ယခုကာလတွင် လုံခြုံရေးအရတည်ငြိမ်အောင်၊ နိုင်ငံရေးအရ ငြိမ်းချမ်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးမတည်ငြိမ်မှုများရှိပါက နိုင်ငံတိုးတက်မှုရှိမည်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေး၊ လူမျိုးရေးများနှင့်ပတ်သက်၍ လက်နက်ကိုင်ဆောင်ရွက်ခြင်းကို အားမပေးပါကြောင်း၊ ဒီမိုကရေစီအရေး ဆောင်ရွက်ရာတွင် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းစဉ်ကိုသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုနှင့် ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်သည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအားလုံး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ခေတ္တလာရောက်တာဝန်ထမ်းဆောင်သည့် ဧည့်သည်အနေဖြင့် မဆောင်ရွက်ကြစေလိုဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိုင်းခတ်ဒေသနှင့် မိုင်းယောင်းဒေသအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ အုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရှမ်း၊ လားဟူ၊ အာခါ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရှမ်း၊ လားဟူ၊ အာခါ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွက် လက်ဆောင်ပစ္စည်းများပေးအပ်ရာ အုပ်ချုပ်ရေးမှူးက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်အတွက် လက်ဆောင်ပစ္စည်းများပေးအပ်ရာ အုပ်ချုပ်ရေးမှူးက လက်ခံရယူစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းခတ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

# တပ်မတော်သားအားလုံး ခေါင်းဆောင်ကောင်းစိတ်ဓာတ်၊ နောက်လိုက်ကောင်းစိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်၍ မိမိကိုယ်ကို အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား သီးခြားစီ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

**မဲမသမာမှုဖြစ်စဉ်ကြောင့်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိုင်းခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ်တို့သည် အလှမ်းကွာဝေးသည့် တပ်နယ်များဖြစ်ပြီး တိုင်းမှူးတာဝန်ထမ်းဆောင်စဉ်ကလည်း မကြာခဏ လာရောက်တွေ့ဆုံခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ရသည်မှာ တစ်နှစ်ကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ကြီးမားသော မဲမသမာမှုဖြစ်စဉ်ကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရသည်ကို အရာရှိ၊ စစ်သည်၊ ရဲမေများ သိရှိနားလည်သဘောပေါက်ရန်လိုကြောင်း။

ယခင် တပ်မတော်အစိုးရအုပ်ချုပ်စဉ်ကာလအတွင်း ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေရသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး ပုံဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ခဲ့ကြောင်း၊ ထို့နောက် NLD ပါတီကို ရွေးကောက်ပွဲသို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကာ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် NLD ပါတီအနိုင်ရခဲ့ပြီး အစိုးရဖြစ်လာကြောင်း၊ NLD အစိုးရအုပ်ချုပ်စဉ် အစောပိုင်းကာလအတွင်း၌ပင် ဥပဒေကို လက်တစ်လုံးခြားဆောင်ရွက်မှုများ စတင်လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းခတ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

လည်း ၎င်းတို့တာဝန်မထမ်းဆောင်မီအချိန်၌ NCA လက်မှတ်ရေးထိုးခြင်းမပြုရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုက်တွန်းခဲ့ခြင်းများရှိသကဲ့သို့ ၎င်းတို့တာဝန်ယူထမ်းဆောင်ချိန်၌လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုအပိုင်း၌ အားနည်းခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ အလားတူ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ယိမ်းယိုင်စေခဲ့သည့် လုပ်ဆောင်မှုများရှိခဲ့ပြီး နိုင်ငံအတွက် စိုးရိမ်ဖွယ်ရာ အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း။

**ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်**

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးခြင်းမရှိခဲ့ခြင်းနှင့် ပြည်ပမှတင်သွင်းမှုများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေများ များစွာဖြစ်ပေါ်ခဲ့ရကြောင်း၊ အချို့ပြည်ပချေးငွေရယူဆောင်ရွက်ခဲ့သည့် စီမံကိန်းများကို လုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးလုနီးပါးအခြေအနေတွင် ရပ်တန့်ခဲ့သဖြင့် နိုင်ငံအတွက် များစွာနစ်နာခဲ့ရကြောင်း၊ အလားတူ ပြည်ပမှချေးငွေများ အဆမတန်ရယူခဲ့ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် နှစ်စဉ် ပြည်ပကြွေးမြီများကို ပေးဆပ်နေရလျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၁ အထိ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့်ရှိခဲ့ပြီး ယခု ၂၀၂၁ မှစ၍ ကုန်သွယ်မှုပိုငွေရှိအောင် ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးပြဿနာများအပေါ် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ အခွင့်အရေးယူ၍ ဆောင်ရွက်နေမှုများရှိကြောင်း၊ မဲစာရင်းမှားယွင်းမှုနှင့်ပတ်သက်၍ တပ်မတော်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်ကြေညာခဲ့ပြီး မဲစာရင်းမှားယွင်းမှုအပေါ် ဖြေရှင်းပေးရန်အတွက် အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် အဆိုပါမဲမသမာမှုကိစ္စရပ်များအား ဖြေရှင်းပေးမှုမရှိခဲ့ကြောင်း၊ မဲစာရင်းမသမာမှုရလဒ်များဖြင့် တက်ရောက်လာသည့် ကိုယ်စားလှယ်များက လွှတ်တော်ခေါ်ယူရေးဆောင်ရွက်ခဲ့သဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး မလွှဲသာမရှောင်သာဘဲ နိုင်ငံတော်တာဝန်အား ရယူခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်ချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရှေ့လုပ်ငန်းစဉ်တွင် ပါဝင်သည့် မဲစာရင်းများပြန်လည်စိစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ရေးအတွက်လည်း ကျန်းမာရေးဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုနည်းပါးခြင်းနှင့် အခြားသောအခက်အခဲများကြားမှ ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ရပြီး ယခုအခါ ကူးစက်မှုနှုန်း နည်းပါးသွားပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆောင်ရွက်ခဲ့ချိန်တွင် ပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုများ၊ စုပေါင်းလှူဒါန်းမှုများနှင့် နိုင်ငံတော်တာဝန်အားကျေပွန်စွာထမ်းဆောင်လိုစိတ်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ကိုဗစ်-၁၉ တတိယလှိုင်းအား အောင်မြင်စွာဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ကျဆင်းခဲ့သည့် နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အထိုက်အလျောက် တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း။

**စာမျက်နှာ ၇ သို့** ✪




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းယောင်းတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❂ စာမျက်နှာ ၆ မှ

ငြိမ်းချမ်းရေးရရှိရေးအတွက်လည်း ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပေးထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ထားကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် မိမိတို့အနေဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း။

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးက မည်သည့်ပုံစံနှင့်မဆို ခြိမ်းခြောက်ခံရမှုမရှိဘဲ မိမိတို့ဆန္ဒအတိုင်း မဲပေးနိုင်ရန်လိုအပ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲ၌ အထွေထွေရွေးကောက်ပွဲဖြစ်သဖြင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ကျင်းပနိုင်ရမည်ဖြစ်ပြီး မြို့နယ်အားလုံး၌ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာ ကျင်းပပြုလုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ တရားမျှတမှုနှင့် ခြိမ်းခြောက်မှု မရှိစေရေး လက်နက်ကိုင်ပဋိပက္ခများလည်း ချုပ်ငြိမ်းရန်လိုသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးနှင့် လုံခြုံရေးအရ အမြန်ဆုံးတည်ငြိမ်မှုရရှိရေး ကြိုးပမ်းလျက်ရှိကြောင်း။

တပ်မတော်၏တာဝန်နှင့်ပတ်သက်၍ နိုင်ငံတော်ကိုကာကွယ်ရန်၊ နိုင်ငံ၏အချုပ်အခြာအာဏာနှင့် ပြည်သူများကို ကာကွယ်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံကို ကာကွယ်ရန်အတွက် စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရန်၊ လေ့ကျင့်သားပြည့်ဝရမည်၊ စိတ်ဓာတ်၊ စည်းကမ်းများ ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ စစ်စည်းကမ်းကို တပ်မတော်သားများအတွက် စစ်အခြေခံသင်တန်းမှစတင်၍ အခြေခံကျကျဖြင့် လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါအချက်ကို အလေးအနက်ထားပြီး လိုက်နာကျင့်သုံးရန်လိုကြောင်း၊ စည်းကမ်း စိတ်ဓာတ်ကောင်းသည့် တပ်မတော်သားများဖြစ်အောင် တစ်ဦးချင်းလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်တွင် စစ်သည်တော်ကျင့်ဝတ် ၆၀ ရှိပြီး တိုက်တွန်းချက်၊ တားမြစ်ချက်များ ပါဝင်ကြောင်း၊ စည်းကမ်းလိုက်နာပါက အရည်အချင်းရှိသည့် တပ်တစ်ခုဖြစ်မည်ဖြစ်ကြောင်း၊ အမိန့်နာခံမှုရှိမှသာ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံအတွက် ခိုင်မာသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး တစ်ဦးချင်းနှင့်အဖွဲ့လိုက်၊ အဖွဲ့တစ်ခုလုံး ကောင်းမွန်စွာ လေ့ကျင့်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် တပ်မတော်ကို အလေးထားကြပြီး နိုင်ငံ့ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကြကြောင်း။

## စစ်သားပီသရန်

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေသည့် တပ်မတော်ကို တည်ဆောက်ရာတွင် စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန်လိုကြောင်း၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သားတစ်ဦးချင်းအနေဖြင့် စစ်သားပီသရန်နှင့် စစ်သည်ကောင်းတစ်ဦးဖြစ်အောင် နေထိုင်ရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့်လည်း စစ်သားပီသသည့် ခေါင်းဆောင်အဖြစ် တပ်မတော်ကို ဦးဆောင်ရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်ဆိုရာတွင် ဒုတိယတပ်ကြပ်မှစတင်၍ အဆင့်ဆင့်သော၊ အမျိုးမျိုးသော ခေါင်းဆောင်များရှိပြီး စစ်သားပီသသည့် ခေါင်းဆောင်များဖြစ်မှသာ စွမ်းရည်နှင့် စွမ်းအားရှိသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း၊ အထက်အောက် ရိုသေလေးစားမှုရှိရန်နှင့် အမိန့်နာခံတတ်မှုများရှိရန်လိုကြောင်း၊ အုပ်ချုပ်သူများဖြစ်သည့် ဒုတပ်ကြပ်မှစ၍ တပ်မှူးများအထိ ဖခင်သဖွယ်စိတ်ဓာတ်၊ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်ဖြင့် လက်အောက်ကို ညီညွတ်မျှတသည့် အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ကြရန်လိုကြောင်း၊ တပ်မတော်သားအားလုံး ခေါင်းဆောင်ကောင်းစိတ်ဓာတ်၊ နောက်လိုက်ကောင်းစိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်၍

> ❖ **တပ်မတော်တွင် စစ်သည်တော်ကျင့်ဝတ် ၆၀ ရှိပြီး တိုက်တွန်းချက်၊ တားမြစ်ချက်များ ပါဝင်ကြောင်း၊ စည်းကမ်းလိုက်နာပါက အရည်အချင်းရှိသည့် တပ်တစ်ခုဖြစ်မည်ဖြစ်ကြောင်း၊ အမိန့်နာခံမှုရှိမှသာ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သည် နိုင်ငံအတွက် ခိုင်မာသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး တစ်ဦးချင်းနှင့်အဖွဲ့လိုက်၊ အဖွဲ့တစ်ခုလုံး ကောင်းမွန် စွာလေ့ကျင့်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုင်းယောင်းတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူစဉ်။

မိမိကိုယ်ကို အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်း ကောင်းမွန်စေရန်အတွက် အသိပညာရှိရန်နှင့် အသိပညာများရှိရန်အတွက် အတန်းပညာများရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအတွက် အခြေခံပညာ မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြင်ပဗဟုသုတစာပေများကိုလည်း အမြဲမပြတ် ဖတ်ရှုလေ့လာပြီး အသိပညာများ မြှင့်တင်နေရန်လိုကြောင်း၊ ပြင်ပဗဟုသုတစာပေများကိုဖတ်ရှုခြင်းဖြင့် လူတစ်ဦး၏ အသိဉာဏ်ကို ပိုမိုမြင့်မားစေသည်ကို တွေ့ရှိရသောကြောင့် စာပေများ ဖတ်ရှုလေ့လာကြရန်လိုကြောင်း၊ မိမိတို့ သက်ဆိုင်ရာ ဘာသာတရားများအလိုက် လိုက်နာကျင့်ကြံထိန်းသိမ်းနေထိုင်ကြရန်လိုကြောင်း၊ မိမိတို့ သားသမီးများကို မိမိတို့ထက် သာလွန်အောင် မြေတောင်မြှောက်ပေးကြရန်လိုပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများကို ကိုဗစ် -၁၉ ကာကွယ်ဆေးများ ရာခိုင်နှုန်းပြည့်နီးပါး ထိုးနှံပြီးစီးပြီဖြစ်ကြောင်း၊ ပညာတတ်များ ပေါ်များလာပါက နိုင်ငံအတွက် လူသားအရင်းအမြစ်များ ပေါ်များလာမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးထားပြီး လာမည့်မတ်လ နောက်ဆုံးပတ်မှစ၍ ပထမအပတ်တွင် စာမေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးထားခြင်းသည် ကျောင်းနေအရွယ်ကလေးတိုင်း စာပေသင်ကြားနိုင်ရေးအတွက်ဖြစ်သဖြင့် ပညာသင်ကြားမှုမရှိပါက မိမိတို့ကလေးငယ်များ၏ဘဝ တိုးတက်ရေးကိုသာ ထိခိုက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကလေးငယ်များ၏ ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍လည်း မပေါ့ဆကြရန်နှင့် အမြဲသတိထား၍ လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်များဖြင့် နေထိုင်သွားလာကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

## ချီးမြှင့်ငွေများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မိုင်းခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးများက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက မိုင်းခတ်တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒီမိုကရေစီဟုဆိုရာဝယ် . . .

ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)




(ယမန်နေ့မှအဆက်)

**"ကျွန်တော်တို့ဟာ ဈေးကွက်စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေကို အလေးအနက်ထားရလိမ့်မယ်။ ကုမ္ပဏီကြီးတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက ယှဉ်ပြိုင်နိုင်မှသာ ရေရှည်ရပ်တည်နိုင်မှာဖြစ်ပါတယ်။ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေကို စောင့်ရှောက်ထိန်းသိမ်းခြင်းအားဖြင့် ဒီမိုကရေစီဟာ အမြစ်တွယ်နိုင်မှာဖြစ်တယ်"** လို့ တောင်ကိုရီးယားမှ ဒေဂျွန်း (K Dae Jung) က ၁၉၉၈ ခုနှစ် မတ်လ ၂ ရက်နေ့ထုတ် Time မှာ ရေးသားထားတာတွေ့ရပါတယ်။

### ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်တော့မဟုတ်

ဒီမိုကရေစီဟာ ကမ္ဘာနဲ့ချီကြည့်ရင် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်တော့မဟုတ်သေးဘူး။ ဒီမိုကရေစီစနစ်ကို နိုင်ငံပေါင်း ၁၁၀ (၅၄ ဒသမ ၈ ရာခိုင်နှုန်း)က ကြိုက်နှစ်သက်တဲ့ နိုင်ငံရေးစနစ်တစ်ရပ်ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအချို့ဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အမျိုးမျိုးသော အခက်အခဲအကျပ်အတည်းကြားမှ တည်ဆောက်ကြရပါတယ်။ ဒီမိုကရေစီနဲ့အတူ နိုင်ငံရေးစိတ်သဘောထားတွေ၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာတွေနဲ့ အကျင့်စရိုက်တွေနဲ့လည်း ပွတ်တိုက်မှုရှိလာပြီး အကြီးအကျယ်ရှုပ်ထွေးလှတဲ့ လူမှုစီးပွားရေး၊ ဈေးကွက်စီးပွားရေးကြီးတွေနဲ့ ကိုယ်ကျင့်သိက္ခာတွေကအစ ပြောင်းလဲရမယ့် လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ ဒါကြောင့် နှစ်ပေါင်းတစ်ရာကြာပြီဖြစ်တဲ့ နိုင်ငံတွေရဲ့ ဒီမိုကရေစီကျင့်စဉ်တွေကို မြန်မာတို့အဖို့ လက်လှမ်းမီ၊ အဆင့်မီ၊ စစ်မှန်တဲ့ဒီမိုကရေစီကို ဆွတ်ချူရန် ခဲယဉ်းလျက်ရှိနေတာကို တွေ့ရပါလိမ့်မယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ကိုယ်တိုင်ပင်လျှင် မြန်မာ့နိုင်ငံရေးဇာတ်ခုံကို စိတ်ကုန်သလောက်ဖြစ်နေပြီလို့ မောင်ရွှေခေတ်ရေးသော ဦးသန့်၏ဘဝ အတွေ့အကြုံများစာအုပ်မှာ ဖတ်ရှုရပါတယ်။

**စည်းကမ်းအစ စာသင်ကျောင်းက ဆိုသလိုပါပဲ။ မကြာသေးမီနှစ်များက** ဒီမိုကရေစီအကြောင်း သိကောင်းစရာ သဖွယ် စာသင်ကျောင်းတွေမှာ သင်ရင်ကောင်းမလားပဲဆိုပြီး စိတ်ကူးတွေရှိခဲ့ကြပါတယ်။ ကိုယ့်နိုင်ငံအနေအထား၊ လူ့စွမ်းအား အရင်းအမြစ်တွေကို အကဲခတ်ကြည့်ရင် ဒီမိုကရေစီကို ကျောင်းသင်ခန်းစာအဖြစ် သင်ကြားပို့ချနိုင်သူရှားပါးတာ တွေ့ရပါလိမ့်မယ်။ ပြည်သူ့နီတိကို မည်မည်ရရသင်ကြားနိုင်မယ်ဆိုရင် မြန်မာတို့ရဲ့ရိုးသားရိုးရှင်းတဲ့ဘဝဟာ ပိုပြီးရှင်သန်ကြီးထွားလာနိုင်ပါမယ်။ ပန်းတနော်အမျိုးသားကျောင်းဆရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ဟာ သူ့တပည့်တွေကို နှုတ်ဆက်စကား ပြောကြားရာမှာ "တပည့်တို့ လူတော်လူကောင်းဖြစ်အောင် ကြိုးစားကြပါ။ လူတော်မဖြစ်ရင် တောင်မှ လူကောင်းဖြစ်အောင် ကြိုးစားကြပါ။ ဒီနေ့ ဒို့နိုင်ငံမှာ လူတော်သိပ်ရှားတယ်။ လူဆိုးတွေက အများကြီးပဲ" လို့ ထည့်သွင်းပြောသွားခဲ့တာကို ဖတ်ရပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားက **"သင်ယူခြင်းသည် မျက်စိမှိတ်လက်ခံရန်မဟုတ်၊ မေးမြန်းခြင်းဖြင့် သိရှိရာ၏။ သိရှိခြင်းဖြင့် နားလည်ရာ၏။ နားလည်ခြင်းဖြင့် အသုံးချရာ၏"** တဲ့။ ဒီမိုကရေစီကိုပဲ သင်သင်၊ ဒစ်ဖရယ်ရှယ် ကားကူးလပ် (Differential Calculus) ပဲသင်သင်၊ ဗုဒ္ဓရဲ့အမြင် သွန်သင်မှုအရ လူတို့ဟာ ဆင့်ကဲဆင့်ကဲ ဆင့်ကာဆင့်ကာလုပ်ရလိမ့်မယ်။ ကာလာမသုတ်လာနည်းလမ်းဟာသိပ္ပံနည်းကျပဲ။ သူများကောင်းတယ်၊ လူကြိုက်များတယ်ဆိုတိုင်း လိုက်လုပ်စရာမလို၊ ချော်လဲရောထိုင်ဆိုတာ ဒီမိုကရေစီမဆန်တာ ဖြစ်ပါလိမ့်မယ်။

### ဒီမိုကရေစီအကြောင်း သိကောင်းစရာ

ဒီမိုကရေစီနဲ့ပတ်သက်လို့ ပါလီမန်ဒီမိုကရေစီ၊ ဆိုရှယ်လစ်ဒီမိုကရေစီဆိုပြီး ကျွန်တော်တို့ဟာ အထိုက်အလျောက် ကြားဖူးနားဝရှိသူတွေလို့ ပြောရမှာဖြစ်ပါတယ်။ ထဲထဲဝင်ဝင် နှိုက်နှိုက်ချွတ်ချွတ် လေ့လာကျင့်သုံးသူ ဘယ်လောက်ရှိလဲလို့တော့ အတိအကျမသိနိုင်ဖြစ်ပါတယ်။ ဒီမိုကရေစီအလေ့အကျင့်နဲ့ ပတ်သက်ရင် မြန်မာနိုင်ငံဟာ ဒီမိုကရေစီအကြောင်း သိကောင်းစရာ သင်ရိုးညွှန်းတမ်း ၁၀၁ ပဲရှိမယ်လို့ ခန့်မှန်းနိုင်ပါတယ်။

**စာအုပ်စာပေလေ့လာဖို့လည်း မကြုံ**ကြိုက်သူတွေ ဒုနဲ့ဒေးရှိပါလိမ့်မယ်။ မြန်မာ ဒေါင်းဖတ်စာအုပ်ထဲကလို ဒီမိုကရေစီဟာ နေ့တိုင်းရွှေဥတစ်ဥ ဥပေးတဲ့ငန်းမကြီးလို့ ထင်မြင်သူတွေ ရှိနိုင်ပါတယ်။ ဒီမိုကရေစီကို ကမ္ဘာ့နိုင်ငံအများအပြားမှာ လူကြိုက်များလာတဲ့ နိုင်ငံရေးစနစ်တစ်ရပ်ဖြစ်ပါတယ်။ ငွေပဒေသာပင်ဟာ မြေမှအလိုအလျောက် မပေါက်ဆိုသလို ဒီမိုကရေစီရဲ့နီတိကို မိမိရရမကျင့်သုံးနိုင်ရင် ငွေပဒေသာပင်လည်း မြင်ရမှာမဟုတ်၊ နေ့စဉ်ဥနေကျရွှေဥလည်း ရတော့မှာမဟုတ်ဆိုတာကို သတိမူကြရပေလိမ့်မယ်။ ယနေ့ ကမ္ဘာအရပ်ရပ်မှာ မဖြစ်မနေလိုအပ်နေတဲ့ ရေရှည်ဖွံ့ဖြိုးရေး ၁၇ ချက် (Sustainable Development Goal; 17 SDGs) ကို မူလတန်းကျောင်းတွေကအစ တက္ကသိုလ်အထိ အဆင့်အလိုက်သင်ကြားပို့ချရင် လူမှုဘဝ မိသားစုဘဝဟာ ရေရှည်သာယာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

"ယနေ့ (June 2, 1997 Newsweek) အချိန်အခါသမယမှာ ၅၄ ဒသမ ၈ ရာခိုင်နှုန်းသောလူထုဟာ ဒီမိုကရက်တစ်အုပ်ချုပ်မှုအောက်မှာ နေကြပါတယ်။ ကျွန်တော်တို့ တွေ့နေမြင်နေရတဲ့ ဒီမိုကရေစီဟာ မျက်နှာပန်းမလှသလိုပါပဲ။ ဒီမိုကရေစီနည်းနဲ့ ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ အစိုးရတွေဟာ ဖွဲ့စည်းပုံအရ အပ်နှင်းထားတဲ့ အာဏာတွေကို မျက်ကွယ်ပြုမှုတွေ ပုံမှန်ဖြစ်နေတာကြောင့်

စာမျက်နှာ ၉ သို့

> **စာအုပ်စာပေလေ့လာဖို့လည်း မကြုံကြိုက်သူတွေ ဒုနဲ့ဒေးရှိပါလိမ့်မယ်။ မြန်မာ ဒေါင်းဖတ်စာအုပ်ထဲကလို ဒီမိုကရေစီဟာ နေ့တိုင်းရွှေဥတစ်ဥ ဥပေးတဲ့ငန်းမကြီးလို့ ထင်မြင် သူတွေ ရှိနိုင်ပါတယ်။ ဒီမိုကရေစီကို ကမ္ဘာ့နိုင်ငံအများအပြားမှာ လူကြိုက်များလာတဲ့ နိုင်ငံရေးစနစ်တစ်ရပ်ဖြစ်ပါတယ်။ ငွေပဒေသာပင်ဟာ မြေမှအလိုအလျောက် မပေါက်ဆိုသလို ဒီမိုကရေစီရဲ့နီတိကို မိမိရရမကျင့်သုံးနိုင်ရင် ငွေပဒေသာပင်လည်း မြင်ရမှာမဟုတ်၊ နေ့စဉ်ဥနေကျရွှေဥလည်း ရတော့မှာမဟုတ်ဆိုတာကို သတိမူကြရပေလိမ့်မယ်။ ယနေ့ ကမ္ဘာအရပ်ရပ်မှာ မဖြစ်မနေလိုအပ်နေတဲ့ ရေရှည်ဖွံ့ဖြိုးရေး ၁၇ ချက်** (Sustainable Development Goal; 17 SDGs) **ကို မူလတန်းကျောင်းတွေကအစ တက္ကသိုလ်အထိ အဆင့်အလိုက် သင်ကြားပို့ချရင် လူမှုဘဝ မိသားစုဘဝဟာ ရေရှည်သာယာလိမ့်မယ်လို့ ယုံကြည်ပါတယ်**






ဒီမိုကရေစီစနစ်ကို စာသင်ကျောင်းများတွင် စတင်အခြေခံကျင့်သုံးရမည်ဖြစ်သော်လည်း အကြမ်းဖက်သမားများက စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

❍ စာမျက်နှာ ၈ မှ

အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်း နိုင်ငံတွေမှာ နိုင်ငံသားတို့ရဲ့ မူလခံစားခွင့်နဲ့ လွတ်လပ်မှုတွေဟာ ဆုံးရှုံးခဲ့ကြရပါတယ်” လို့ဆိုပါတယ်။ (Democratically elected regimes are now routinely ignoring constitutional limits on the power and depriving their citizens of basic rights and freedoms) ဖြိတိန်ဝန်ကြီးချုပ် ဂွန်မေဂျာက **“နိုင်ငံရေးဆိုသည် အတွေးအခေါ်ဝါဒ (ideology) ရဲ့ အခန်းကဏ္ဍတစ်ခုတည်း မဟုတ်။ အဲဒီဝါဒရဲ့ လုပ်ငန်းစဉ်ကို လက်တွေ့ကျကျ သက်ဝင်လှုပ်ရှားပါဝင်ရမယ်။ နိုင်ငံရေးသမားတွေမှာ အာဏာရှိတဲ့အခါ၊ အစိုးရအဖွဲ့ထဲရောက်လာတဲ့အခါ၊ ရွေးချယ်မှုခံရတဲ့အခါ တကယ်တမ်းကြည့်ရှုစောင့်ရှောက်ရမှာက ထိုနိုင်ငံရဲ့အကျိုးစီးပွားဖွံ့ဖြိုးရေးပဲ”** ဖြစ်တယ်လို့ ၁၉၉၈ ခုနှစ် မတ်လထုတ် Newsweek မဂ္ဂဇင်းမှာ ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။

### နှလုံးသားချင်းနီးကပ်သော ဒီမိုကရေစီ

ရာစုနှစ်တစ်ရာအတွင်း အနောက်နိုင်ငံတွေမှာ ဒီမိုကရေစီ (liberal democracy) ဆိုသည်မှာ အမြင်မတူသော်လည်း နှလုံးသားချင်းနီးကပ်သော ဒီမိုကရေစီဖြစ်ခဲ့ပါတယ်။ လွတ်လပ်မျှတတဲ့ရွေးကောက်ပွဲသာမက နှလုံးသားချင်း၊ ကျောချင်းကပ်တဲ့ ဒီမိုကရေစီကိုဆိုလိုတာဖြစ်ပါတယ်။ ဒီထက်ပိုတဲ့ကိစ္စမှာ လေးစားလောက်ပြီး အခြေခံကျတဲ့ လွတ်လပ်မှု (liberties) တွေဖြစ်တဲ့ လွတ်လပ်စွာပြောဆိုခွင့်၊ စုရုံးခွင့်၊ ပုဂ္ဂလိကစာချုပ်စာတမ်း၊ ပုဂ္ဂလိကပိုင်ဆိုင်မှုတွေနဲ့ ဥပဒေတွေလည်း အကျုံးဝင်ပါတယ်။ နိုင်ငံရေးပဋိပက္ခနဲ့ အပြောင်းအလဲတွေ ကြုံတွေ့ကြရတဲ့အခါ အခြေခံလွတ်လပ်မှု (basic liberties)၊ လစ်ဘရယ်ဒီမိုကရေစီ (liberal democracy) ကိုသာ အားကျစရာအဖြစ် ရှုမြင်နိုင်ပါတယ်။ လူအုပ်ကိုအခြေပြု အနိုင်ယူလိုတဲ့ ဒီမိုကရေစီဟာ စစ်မှန်တဲ့ ဒီမိုကရေစီလို့ခေါ်ဖို့ ခဲယဉ်းပါတော့တယ်။

ယခင် ယူဂိုဆလားဗီးယားနဲ့ အာဖရိကနိုင်ငံတွေမှာ ရွေးကောက်ပွဲတွေဟာ တိုင်းရင်းသားတွေအချင်းချင်း သွေးကွဲမှုဆီကို တွန်းပို့တယ်လို့ဆိုပါတယ်။ အမျိုးသားစံချိန်မီဒီမိုကရေစီဟာ ဈေးကွက်လွတ်လပ်ခွင့်၊ လွတ်လပ်တဲ့ အလုပ်သမားလှုပ်ရှားမှု (labor movements) နဲ့ နိုင်ငံရေးပါတီတွေရဲ့ လွတ်လွတ်လပ်လပ်သီးခြားစီ လှုပ်ရှားမှုတွေကို အားပေးတဲ့သဘောရှိပါတယ်။




ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာ ပညာသင်ကြားခွင့် ရရှိရမည်ဖြစ်သော်လည်း အရွယ်မရောက်သေးသော ကလေးသူငယ်များအား ကျောင်းမတက်ရန် ဝါဒမှိုင်းတိုက်နေမှုပုံရိပ်များကို တွေ့ရစဉ်။

အရှေ့အလယ်ပိုင်း (Middle East) နိုင်ငံရေးကြိုးတန်းပေါ်မှာ လျှောက်နေကြတဲ့ အစ္စရေး – ပါလက်စတိုင်းအရေးနဲ့ ပတ်သက်ပြီး အကြမ်းဖက်မှုတွေအပေါ် သုံးသပ်မှုတွေရှိခဲ့ပါတယ်။ ဆယ်ကျော်သက် ကျောင်းသားတွေဟာ အကြမ်းဖက်မှုတွေနဲ့ သေပွဲဝင်ဖို့တောင်မမှုဘဲ ကျောင်းတက်နေကြတာကို စဉ်းစားရခက်နေပါတယ်။ သူ့ရဲ့ကောင်းပမာ သေပွဲဝင် ကျောင်းသားတွေကို ကျောင်းတွေက ဂုဏ်ပြုထောမနာပြုတာတွေဟာ မှားနေပါတယ်။

> **ဒီနေ့ဒီလိုကာလတွေမှာ မေတ္တာအကြင်နာတရားပွားများဖို့ကိစ္စဟာ ရှေးယခင်ကထက် ပိုလိုအပ်တာကိုတွေ့ရပါတယ်။ ပထဝီနိုင်ငံရေး၊ အစ္စရေး-ပါလက်စတိုင်း၊ အာဖဂန်နစ္စတန်၊ အီရတ်ဆိုတဲ့နိုင်ငံတွေမှာ အကြမ်းဖက်မှုတွေနဲ့ ထိန်းမရနိုင်လောက်အောင် ကျယ်ပြန့်နေပါတယ်။ ဒီမိုကရေစီကျင့်စဉ်တွေနဲ့ ဖြေရှင်းလို့မရအောင် ခက်ခဲတယ်လို့ သုံးသပ်လို့ရပါတယ်။ ဒါတွေကိုလျှော့ပါးအောင်မလုပ်ဘူး၊ မလုပ်နိုင်ဘူးဆိုရင် ကမ္ဘာကြီးဟာ ငရဲပြည်အလားဖြစ်ပြီး အားလုံးဒုက္ခပင်လယ်ထဲမှာ နစ်မြုပ်သွားနိုင်ပါတယ်လို့ ကမ္ဘာ့နိုင်ငံရေးပညာရှင်တွေက သုံးသပ်ကြပါတယ်။ အနေ့နဲ့အမြန် ကောင်းမွန်သာယာတဲ့ ဘဝကို ရှေးရှုကြရမှာဖြစ်ပါတယ်**

“အာဇာနည်တို့သင်္ချိုင်းမှာ မင်းတို့အနားယူကြ၊ ဒို့ဆက်လက်တိုက်ပွဲဝင်မယ်” ဆိုပြီး ကြွေးကြော်ဂုဏ်ပြုနေတာဟာ ကျောင်းရဲ့ အမှားတော်ကြီးပဲ။ တကယ်တော့ အစ္စရေး – ပါလက်စတိုင်း ကျောင်းသားတွေကို ငြိမ်းချမ်းရေး၊ ညီညွတ်မှုနဲ့ အတူတကွနေထိုင်ကြရေး သင်ပေးရမှာဖြစ်တယ်လို့ အမေရိကန်နိုင်ငံမှ Welfield က Mcurein Cooke က သုံးသပ်ပြပါတယ်။



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ၂၀၁၇ ခုနှစ်တွင် အကြမ်းဖက်အစွန်းရောက်သမားများက အသေခံဗုံးဖောက်ခွဲမှုကို တွေ့ရစဉ်။

### မေတ္တာအကြင်နာတရားပွားများဖို့ ပိုလိုအပ်

ဒီနေ့ဒီလိုကာလတွေမှာ မေတ္တာအကြင်နာတရားပွားများဖို့ ကိစ္စဟာ ရှေးယခင်ကထက် ပိုလိုအပ်တာကိုတွေ့ရပါတယ်။ ပထဝီနိုင်ငံရေး၊ အစ္စရေး–ပါလက်စတိုင်း၊ အာဖဂန်နစ္စတန်၊ အီရတ်ဆိုတဲ့နိုင်ငံတွေမှာ အကြမ်းဖက်မှုတွေနဲ့ ထိန်းမရနိုင်လောက်အောင် ကျယ်ပြန့်နေပါတယ်။ ဒီမိုကရေစီကျင့်စဉ်တွေနဲ့ ဖြေရှင်းလို့မရအောင် ခက်ခဲတယ်လို့ သုံးသပ်လို့ရပါတယ်။ ဒါတွေကိုလျှော့ပါးအောင်မလုပ်ဘူး၊ မလုပ်နိုင်ဘူးဆိုရင် ကမ္ဘာကြီးဟာ ငရဲပြည်အလားဖြစ်ပြီး အားလုံးဒုက္ခပင်လယ်ထဲမှာ နစ်မြုပ်သွားနိုင်ပါတယ်လို့ ကမ္ဘာ့နိုင်ငံရေးပညာရှင်တွေက သုံးသပ်ကြပါတယ်။ အနေ့နဲ့အမြန် ကောင်းမွန်သာယာတဲ့ဘဝကို ရှေးရှုကြရမှာဖြစ်ပါတယ်။

### ဂျပန်လူမျိုးတို့ရဲ့ စိတ်ဓာတ်

ဂျပန်က စစ်ရှုံး၊ စစ်လျော်ကြေးပေးရတဲ့နိုင်ငံ၊ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာမှာ ပြာပုံဘဝက ထခဲ့ရတယ်လို့ ခန့်မှန်းလို့ရပါတယ်။ ဂျပန်ဟာ တိုင်းပြည်ရဲ့ ၁၀ ရာခိုင်နှုန်းကို အရင်းရှင်စနစ်၊ ကျန် ၉၀ ရာခိုင်နှုန်းကို ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ တိုင်းပြည်ကို ပြာပုံကထဖို့ နှစ်ပြိုင်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တာ အလုပ်ဖြစ်ခဲ့တယ်။ ၁၉၈၀ ပြည့်နှစ်တွေမှာ ဂျပန်ရဲ့ ဗျူရိုကရက်တစ်အရင်းရှင်စနစ်ဟာ အံ့သြဖွယ်ကောင်းလောက်အောင် အောင်မြင်ခဲ့တာတွေ့ရပါတယ်။ ၁၉၉၇ ခုနှစ်မှာ အဆင့်မြင့်ပညာရှင်တွေ နည်းပညာလုပ်သားပညာရှင်အင်အား ၆၇ ဒသမ ၉ သန်းအထိ ရောက်ခဲ့ပါတယ်။ ဂျပန်လူမျိုးတို့ရဲ့ စိတ်ဓာတ်ဟာ အံ့မခန်းစရာကောင်းလှပါတယ်။ ဂျပန်စိတ်ဓာတ်၊ အနောက်တိုင်းပညာ၊ အနောက်ယဉ်ကျေးမှုနဲ့သင်ယူမှု၊ ဒီနှစ်ချက်ဟာ ဦးနှောက်အတွက်ပဲ။ နှလုံးသားက ဂျပန်ပဲ၊ အပြောင်းအလဲမရှိ၊ ပကတိအတိုင်းဂျပန်ပါပဲ။ ဒါကြောင့်ပဲဖြစ်မယ်။ ဂျပန်အရာရှိကြီးတွေဟာ နိုင်ငံခြား အတွေးအခေါ်တွေကြောင့် သာမန်ဂျပန်တို့ရဲ့ဦးနှောက်ကို ပုန်ကန်ထကြွ အကြမ်းဖက်မှုဖြစ်မှာကို စိုးရိမ်ပူပန်ကြတယ်လို့ဆိုပါတယ်။

“သိပ္ပံပညာ (Science)၊ ခရစ်ယာန် (Christianity)၊ လွတ်လပ်မှု (Liberalism)၊ ဒီမိုကရေစီ (Democracy) တို့ဟာ စိတ်ဝင်စားဖွယ် လေ့လာစရာတွေပဲ။ လူဂုဏ်တန်တွေနဲ့ ပိုထိုက်တန်ပေလိမ့်မယ်။ ဒါသည်ပင် သတိထားရွေးချယ်ပြီး သင်ယူသင့်ပါတယ်။ ဒီလိုအတွေးအခေါ် စိတ်ကူးစိတ်သန်းတွေဟာ ခေတ်မီဖွံ့ဖြိုးအင်အားကြီးတဲ့နိုင်ငံ တည်ဆောက်ဖို့ အသုံးဝင်တဲ့ ကိရိယာတွေပဲဖြစ်တယ်။ ဒါပေမဲ့ မှားယွင်းတဲ့ လူတွေရဲ့လက်ထဲမှာ ဒီအတွေးအခေါ်ပညာရပ်တွေနဲ့ ကျင့်စဉ်တွေဟာ ကြီးမားတဲ့အန္တရာယ်ကို ပေါ်ပေါက်စေပါတယ်”လို့ ၂၀၀၁ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ထုတ် Time မဂ္ဂဇင်းမှာ ဂျပန်ရဲ့စူးစမ်းလိုစိတ်၊ သင်ယူလိုစိတ်၊ နောက်ကျမကျန်ရစ်ဖို့ စိုးရိမ်စိတ်၊ ဂျပန်ရဲ့ကြွယ်ဝချမ်းသာမှု၊ အာရှမှာ နည်းပညာအရာမှာ ခေတ်အမီဆုံး နှစ်ပေါင်း ၃၀၀ တိုင် တည်တံ့ခိုင်ခံ့မှာဖြစ်ခြင်းအကြောင်းနဲ့ စပ်လျဉ်းပြီး အယ်ဒီတာက ရှုမြင်သုံးသပ်တာကို ဖတ်ရှုရပါတယ်။ ဂျပန်တို့ဟာ ဒီမိုကရေစီအရေးကိုပင် လွယ်လွယ်ကူကူလက်မခံဘဲ တွေးပူတဲ့သဘောကို တွေ့ရပါတယ်။

ကောင်းပါပြီ။ ဒီမိုကရေစီဆိုတာ အမျိုးမျိုးအဖုံဖုံရှိနေတာ တွေ့ရပါပြီ။ စစ်မှန်တဲ့ဒီမိုကရေစီကို ကျင့်သုံးရာမှာ လူသာပဓာနကျကြောင်း တွေ့ရပါပြီ။ ကိုယ့်နိုင်ငံရဲ့ နောက်ခံသမိုင်းကြောင်း၊ လူမျိုးရဲ့စရိုက်လက္ခဏာ၊ အတွေ့အကြုံ၊ နိုင်ငံရေးအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုစနစ်တွေဟာ ကျင့်သားရရင်၊ ရင့်ကျက်လာရင်၊ အလောတော်မှည့်လာရင် ချိုမြိန်တဲ့အရသာရှိမှာဖြစ်ပါတယ်။ နိုင်ငံရေးအကိုင်းအခက်၊ အသီးအပွင့်တွေ ဝေဝေဆာဆာဖြစ်တဲ့ အရိပ်ရသစ်တောကြီးဖြစ်အောင်၊ စစ်မှန်တဲ့ဒီမိုကရေစီ၊ ဒီမိုကရေစီနဲ့ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံကိုစုပေါင်းအားနဲ့ အေးအေးဆေးဆေး ဖြည်းဖြည်းနဲ့မှန်မှန် တည်ထောင်ကြရလိမ့်မယ်။ ။


**ကျမ်းကိုး**

- **Myanmar: Facts and Figures; Ministry of Information, Myanmar, March, 2000**
- **၂၀ ရာစု မြန်မာနိုင်ငံ၊ အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဇန်နဝါရီလ ၂၀၀၂ ခုနှစ်**
- **ဦးသန့်၏ ဘဝအတွေ့အကြုံများ မောင်ရွှေခေတ်**
- **ကြေးမုံသတင်းစာ၊ စာ ၁–၈၊ အောက်တိုဘာ ၁၆၊ ၂၀၁၈**
- **Asia Pacific: Its Role in the new World Order, (Myanmar Burma) by M S Dobbs – Higginson, New Light of Myanmar (1998)**

◆ ကျောဖုံးမှ
စစ်ဦးစီးဗိုလ်မှူးချုပ်(ရေ)၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**တာဝန်ပေးအပ်ခဲ့**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ သဘာဝသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် နိုင်ငံတော်အစိုးရအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကို ရှေးရှု၍ ၂၀၂၁ ခုနှစ် ဧပြီ ၂ ရက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၁)ဖြင့် "နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ"ကို ဖွဲ့စည်းခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၂၁) ဖြင့် အဖွဲ့ဝင် ၂၁ ဦးပါ ဗဟိုကော်မတီကို ထပ်မံပြင်ဆင်ဖွဲ့စည်းပေးကာ လုပ်ငန်းတာဝန်(၁၀) ရပ် တာဝန်ပေးအပ်ခဲ့ကြောင်း။

၂၀၂၁ ခုနှစ် ဇွန် ၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် "နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ (ပထမအကြိမ်) အစည်းအဝေး"ကို ကျင်းပခဲ့ရာ ကော်မတီဝင်များ၏ တင်ပြဆွေးနွေးချက်များကို အခြေပြု၍ ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ ဆက်လက်ဆောင်ရွက်ရမည့် အစည်းအဝေးဆုံးဖြတ်ချက်(၁၁)ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

ဗဟိုကော်မတီအစည်းအဝေးများကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပရန် လျာထားချက်နှင့်အညီ ယနေ့ကျင်းပသည့် ဗဟိုကော်မတီ(ဒုတိယအကြိမ်) အစည်းအဝေးတွင် ဗဟိုကော်မတီ (ပထမအကြိမ်) အစည်းအဝေးဆုံးဖြတ်ချက် (၁၁)ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်တိုးတက်မှုအခြေအနေများကို ကော်မတီဝင်များအနေဖြင့် တင်ပြပေးနိုင်ရေးနှင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး အတွက် ရှေ့လုပ်ငန်းစဉ်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

**စီမံအုပ်ချုပ်သွားရမည်**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းသယံဇာတများသည် နိုင်ငံရေရှည်ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများစွာ ဖန်တီးပေးနိုင်သော သဘာဝသယံဇာတများအဖြစ် ရှုမြင်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေး စီမံအုပ်ချုပ်ရန် ရည်မှန်းထားရှိကြောင်း၊ ပင်လယ်ကမ်းရိုးတန်းသယံဇာတများကို ကဏ္ဍစုံ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန်၊ လက်ရှိနှင့် အနာဂတ်အတွက် ရေရှည်အသုံးပြုနိုင်ရေးကို အထောက်အကူပြုနိုင်ရေးနှင့် နောင်မျိုးဆက်များအတွက် သယံဇာတများ ရေရှည်တည်တံ့အသုံးပြုနိုင်ရေး စသည့်အခြေခံရည်ရွယ်ချက်များရရှိအောင် စီမံအုပ်ချုပ်သွားရမည်ဖြစ်ကြောင်း။

မြန်မာ့ပင်လယ်ကမ်းရိုးတန်းသယံဇာတများသည် ကဏ္ဍစုံ၊ ဌာနစုံ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ပြုစေမည့် ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်တစ်ရပ်ဖွံ့ဖြိုးရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းစီမံအုပ်ချုပ်လုပ်ကိုင်မှု ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန် (၁၀)ရပ်အနက် လုပ်ငန်းတာဝန်(၈)တွင် "နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုအစီအစဉ် (Integrated Coastal Management Programme – ICM) တစ်ရပ် ရေးဆွဲချမှတ်ရန်နှင့် အဆိုပါအစီအစဉ်အပေါ် အခြေခံ၍ ဒေသအလိုက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ်မှုပေးရန်" တာဝန်ပေးအပ်ထားကြောင်း၊ ၂၀၂၁ ခုနှစ် ဇွန် ၉ ရက်က ကျင်းပခဲ့သည့် ဗဟိုကော်မတီ(ပထမအကြိမ်) အစည်းအဝေးဆုံးဖြတ်ချက်(ခ)တွင်လည်း "ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း (ICM) အကောင်အထည်ဖော်ဆောင်ရေးအတွက် ဗဟိုကော်မတီဝင်ဌာနအားလုံး ပူးပေါင်းဆောင်ရွက်ရန်" ဆုံးဖြတ်ချက် ချမှတ်ထားကြောင်း။

**အခြေခံမှုများနှင့်အညီ ပေါ်ပေါက်လာ**

ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်သည် ၁၉၉၂ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာညီလာခံက ထုတ်ပြန်ခဲ့သည့် ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံမှုများဖြစ်သည့် လူသားမျိုးဆက်များအတွင်း သာတူညီမျှရှိစေရန် အခြေခံမှု၊ ကြိုတင်ကာကွယ်ထိန်းသိမ်းရန် အခြေခံမှု၊ ပတ်ဝန်းကျင်ကို ထိခိုက်ခဲ့ပါက ပြုလုပ်သူက ပေးလျော်စေရန် အခြေခံမှုများနှင့်အညီ ပေါ်ပေါက်လာသည့် စီမံအုပ်ချုပ်လုပ်ကိုင်မှု စနစ်တစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါစနစ်သည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိပြီး သယံဇာတများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအကြား ပေါင်းစပ်ညှိနှိုင်း စီမံအုပ်ချုပ်လုပ်ကိုင်သော နည်းစနစ်ဖြစ်သည့်အပြင် သယံဇာတ ထုတ်လုပ်သုံးစွဲရာတွင် လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရန် သုံးသပ်ဆောင်ရွက်ရသည့် နည်းစနစ်လည်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဟူသည့် မဏ္ဍိုင်သုံးရပ်လုံးကို ထည့်သွင်းစဉ်းစားပြီး သိပ္ပံနှင့် စီမံအုပ်ချုပ်မှု ပညာရပ်နယ်ပယ်နှစ်ခုကို ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်သည့် နည်းစနစ်လည်းဖြစ်ကြောင်း။

ကမ်းရိုးတန်းဒေသတွင် ဆောင်ရွက်သည့် မည်သည့်လုပ်ငန်းမဆို အဆိုပါဒေသ၌ တည်ရှိသော ဂေဟစနစ်များနှင့် အခြားသော သယံဇာတထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်သူများအပေါ် အကျိုးသက်ရောက်မှုများရှိမည်ဖြစ်ကြောင်း၊ ကမ်းရိုးတန်းဒေသဂေဟစနစ်ကြီးတစ်ခုလုံးသည် မတူညီသော ဂေဟစနစ်ခွဲများဖြင့် ဖွဲ့စည်းထားပြီး အဆိုပါစနစ်ခွဲများက ဂေဟစနစ်ကြီးတစ်ခုလုံး ပုံမှန်လည်ပတ်ရန် ဝန်ဆောင်မှုများကို ဆောင်ရွက်နေကြခြင်းလည်းဖြစ်ကြောင်း၊ ဂေဟစနစ်ခွဲတစ်ခု ထိခိုက်ပျက်စီးသည်နှင့် အဆိုပါစနစ်ကြီးတစ်ခုလုံးအပေါ် အကျိုးသက်ရောက်မည်ဖြစ်သည့်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပင်လယ်ကမ်းရိုးတန်းဂေဟစနစ် အစိတ်အပိုင်းများ၏ တန်ဖိုးကို သိရှိနားလည်ပြီး ထိခိုက်မှုမရှိစေရန် အထူးအလေးထား ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကမ်းရိုးတန်းဒေသတွင် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုသယံဇာတများထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကြောင့် ကမ်းရိုးတန်းဒေသ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးတို့အပေါ် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကို ထည့်သွင်းတွက်ချက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ်းရိုးတန်းသယံဇာတအသုံးပြုသူများအကြား၊ လုပ်ငန်းဌာနများအကြား၊ အကျိုးဆက်စပ်ပတ်သက်သည့် အဖွဲ့အစည်းများအကြားတွင် ပဋိပက္ခများ ပေါ်ပေါက်ပါက နိုင်ငံနှင့် ပြည်သူလူထု၏ ရေရှည်အကျိုးစီးပွားကို ရှေးရှု၍ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်းတို့ဖြင့် အဖြေရှာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဘက်စုံပူးပေါင်းစီမံအုပ်ချုပ်သည့်စနစ်၊ မတူကွဲပြားသည့် လုပ်ငန်းနယ်ပယ်များနှင့် အကျိုးဆက်စပ် ပတ်သက်သူများကို သဟဇာတဖြစ်အောင်ပေါင်းစည်းပေးသည့် စနစ်တစ်ခုလည်းဖြစ်ကြောင်း။

**အတည်ပြုနိုင်ရေး**

International Union for Conservation of Nature (IUCN) အဖွဲ့၏ နည်းပညာအကူအညီဖြင့် ရေးဆွဲထားသာ ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ် (မူကြမ်း)ကို မိတ်ဆက်တင်ပြပြီး အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ တင်ပြသွားမည်ကို သိရကြောင်း။

မြန်မာ့ပင်လယ်ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်တွင် **"မြန်မာ့ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများအား နိုင်ငံ၏သဘာဝအရင်းအမြစ်အဖြစ် တန်ဖိုးထားရမည်၊ ၎င်းသယံဇာတများကို အကျိုးဆက်စပ်ပတ်သက်သူအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးရည်ရွယ်ချက်များ ညီမျှရေးမှု၊ သဘာဝနှင့် လူသားတို့ကြောင့် ထိခိုက်နိုင်မှုအပေါ် တုံ့ပြန်ကာကွယ်နိုင်စွမ်းကို မြှင့်တင်ရေးမှု၊ အားလုံးပါဝင်မှုဖြင့် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ရေရှည်ဖွံ့ဖြိုးရေးမှုများကို အခြေခံ၍ အကျိုးရှိစွာ အသုံးချနိုင်ရေး"** ကို အန္တိမရည်မှန်းချက်အနေဖြင့် ဖော်ထုတ်ထားရှိကြောင်း၊ မြန်မာ့(ICM)တွင် မဟာဗျူဟာလုပ်ငန်းစဉ် (၆)ရပ်ဖြစ်သည့် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ အဖွဲ့အစည်းနှင့် အုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်း ဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ သုတေသနနှင့် ကြီးကြပ်စစ်ဆေးခြင်း၊ အားလုံးပါဝင်သော စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးအမြတ်ခွဲဝေခံစားခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် တာဝန်သိတာဝန်ခံသော စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ရည်မှန်းထား**

မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်သည် ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်ခြင်း ၁၅ နှစ်ကာလအတွက် မျှော်မှန်းရေးဆွဲထားခြင်းဖြစ်ပြီး မဟာဗျူဟာလုပ်ငန်းစဉ်(၆)ရပ်အပေါ် ဌာနအသီးသီး၏ ငါးနှစ်လုပ်ငန်းစီမံချက်များ ရေးဆွဲဖော်ထုတ် ချိတ်ဆက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်ခြင်းအတွက် ဌာနအသီးသီး၊ ကဏ္ဍအသီးသီးအနေဖြင့် ဆောင်ရွက်မည့်စီမံချက်များကို ICM အစီအစဉ်ဖြင့် ချိတ်ဆက်၍ နိုင်ငံတော်မှထောက်ပံ့ပေးနိုင်သည့် ရန်ပုံငွေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများက ဖွံ့ဖြိုးရေးရန်ပုံငွေများရှာဖွေပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်တစ်ခုအနေဖြင့် အသုံးပြုသွားနိုင်ရေးကိုလည်း ရည်မှန်းထားကြောင်း၊ ထို့ကြောင့် မြန်မာ့(ICM)အစီအစဉ် အတည်ပြုနိုင်ရေးအတွက် ကော်မတီဝင်များအနေဖြင့် ပံ့ပိုးပေးအပ်ရမည့် အကြံပြုချက်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ထိထိရောက်ရောက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ရှည်လျားသည့် ကမ်းရိုးတန်းတစ်လျှောက် အဏ္ဏဝါသယံဇာတများ ပေါကြွယ်ဝပြီး ၎င်းသယံဇာတများမှ နိုင်ငံ့စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အဓိကအခန်းကဏ္ဍမှပံ့ပိုးပေးလျက်ရှိကြောင်း၊ တစ်ဖက်တွင် ကမ်းရိုးတန်းဒေသများ၌ လူဦးရေတိုးပွားလာခြင်း၊ ဒီရေတောများနှင့် ကမ်းရိုးတန်းဒေသသစ်တောများပျက်စီးခြင်း၊ ငါးအလွန်အကျွံဖမ်းဆီးခြင်း၊ ကမ်းရိုးတန်းဒေသ ခရီးသွားလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း၊ သယံဇာတနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကြောင့် အဏ္ဏဝါညစ်ညမ်းခြင်း၊ မြစ်ညာဒေသရေဝေရေလဲဒေသများ လျော့ပါးပျက်စီးလာခြင်း စသည့်ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသုံးပြုသူများအကြား ထိန်းညှိပေးပြီး ဟန်ချက်ညီစေရန် အလေးပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကမ္ဘာတွင် နေ့စဉ်နှင့်အမျှ လူဦးရေတိုးပွားလာပြီး လူနေထိုင်မှုဘဝပုံစံများ တိုးတက်ပြောင်းလဲနေသည့်အတွက် မြို့ရွာများ၊ လူနေမှုစနစ်များ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ စီမံခန့်ခွဲနိုင်မှသာလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအပါအဝင် နိုင်ငံများအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၁၇ ရပ်ရှိရာ ပန်းတိုင် ၁၄ သည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် ပန်းတိုင်ဖြစ်ကြောင်း။

ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ရေးဆွဲရာတွင် ကမ္ဘာကြီးပူနွေးလာမှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုကို အဓိကဖြစ်ပေါ်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို ဒီရေတောများ၊ ကမ်းရိုးတန်းနှင့်

**❖ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းသယံဇာတများသည် နိုင်ငံရေရှည်ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများစွာ ဖန်တီးပေးနိုင်သော သဘာဝသယံဇာတများအဖြစ် ရှုမြင်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေး စီမံအုပ်ချုပ်ရန် ရည်မှန်းထားရှိ**

**❖ ပင်လယ်ကမ်းရိုးတန်းသယံဇာတများကို ကဏ္ဍစုံ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန်၊ လက်ရှိနှင့် အနာဂတ်အတွက် ရေရှည်အသုံးပြုနိုင်ရေးကို အထောက်အကူပြုနိုင်ရေးနှင့် နောင်မျိုးဆက်များအတွက် သယံဇာတများ ရေရှည်တည်တံ့အသုံးပြုနိုင်ရေး စသည့်အခြေခံရည်ရွယ်ချက်များရရှိအောင် စီမံအုပ်ချုပ်သွားရမည်**

စာမျက်နှာ ၁၁ သို့ ◆

◆ စာမျက်နှာ ၁၀ မှ

အဏ္ဏဝါဂေဟစနစ်များက အမြောက်အမြား စုပ်ယူသိုလှောင်ထားပြီး အဆိုပါထိန်းသိမ်းသိုလှောင်ပေးထားသည့် ကာဗွန်များကို အပြာရောင်ကာဗွန် (Blue Carbon)ဟု တင်စားခေါ်ဝေါ်ကြကြောင်း၊ ထို့ကြောင့် ကမ်းရိုးတန်းနှင့်အဏ္ဏဝါ သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ကမ္ဘာနှင့်အဝှမ်း မြှင့်တင်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

**အစိမ်းရောင်အကာအရံ တံတိုင်းများ**

ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေတောများ ပျက်စီးပြုန်းတီးခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်စေရုံသာမက ကမ်းပါးပြိုကိုက်စားမှု၊ နုန်းအနည်ကျမှုများဖြစ်ပေါ်စေကာ ရေထုအတွင်း ငါးများ၏ ရှင်သန်ရပ်တည်မှုကို ထိခိုက်ပျက်စီးစေမည်ဖြစ်သည့်အတွက် ဒီရေတောများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝဒီရေတောများ ထိန်းသိမ်းကာကွယ်ခြင်း စသည့် အစိမ်းရောင်အကာအရံ တံတိုင်းများ ပြုစုတည်ထောင်ခြင်းကဲ့သို့သော သဘာဝအခြေခံဖြေရှင်းသည့် နည်းလမ်းများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာ စီးပွားရေးလုပ်ငန်းများဖြစ်သည့် ပင်လယ်ရေကြောင်းခရီးသွားလာရေးလုပ်ငန်း၊ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း စသည့်စီးပွားရေးလုပ်ငန်းများကိုလည်း အပြာရောင်စီးပွားရေးဟု တင်စားခေါ်ဝေါ်ကြပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကို လိုက်နာကျင့်သုံးကာ Blue Economy ဖွံ့ဖြိုးရေးဆောင်ရွက်ကြရန် ကမ္ဘာနှင့်အဝှမ်း နှီးနှောဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် Blue Economy ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ခြေရှိသည့် အခွင့်အလမ်း လေးရပ်ကို Wildlife Conservation Society (WCS Myanmar) က ၂၀၁၅ ခုနှစ်တွင် သုံးသပ်တင်ပြထားရာ ပင်လယ်

❖ **ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ရေးဆွဲရာတွင် ကမ္ဘာကြီးပူနွေးလာမှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရမည်**

❖ **အနာဂတ်ကာလ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်သည့်အခါ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်ခြင်း အစီအစဉ်နှင့် ချိတ်ဆက်၍** Blue Economy **ကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်**

**ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသလုပ်ငန်း ကဏ္ဍနယ်ပယ်များအလိုက် စီမံအုပ်ချုပ်မှုအစီအစဉ်များနှင့် မူဝါဒများ ခိုင်မာစွာသတ်မှတ်ထားရှိခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါအရင်းအမြစ်များ ထုတ်ယူရေးတွင် ထိရောက်စွာ ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့်အဏ္ဏဝါ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝခြင်းကြောင့် ထိန်းသိမ်းရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ရန် အခြေအနေကောင်းများရှိခြင်းနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဒီရေတောများ တည်ထောင်ပြုစုထိန်းသိမ်းသည့်လုပ်ငန်းများကို ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံရေးနှင့် ကာကွယ်မှုမြှင့်တင်ရေးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ခြေရှိခြင်းများ** ဖြစ်သည်ဟု တင်ပြထားရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုပန်းတိုင်(၁၄)ဖြစ်သည့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း လက်တွဲပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ကိုဗစ်ကပ်ရောဂါကာလအလွန် ပင်လယ်ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနများအလိုက်၊ ကဏ္ဍများအလိုက် ထိရောက်သည့် လုပ်ငန်းစီမံချက်များ ဖော်ထုတ်ဆောင်ရွက်ကြရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် အနာဂတ်ကာလ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်သည့်အခါ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်ခြင်း အစီအစဉ်နှင့်ချိတ်ဆက်၍ Blue Economy ကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဗဟိုကော်မတီ (ပထမအကြိမ်)အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဗဟိုကော်မတီဖွဲ့စည်းစဉ်ကပင် သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ ကော်မတီဝင်များအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်ဆိုင်းထားရသည့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါ သယံဇာတ ကာကွယ်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန်၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက်၊ ဝန်ကြီးဌာနများအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာ တင်ပြဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ အသိပညာပေး ဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ICM အစီအစဉ် ရေးဆွဲရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်များရှိ ပြည်သူ့ဆေးရုံများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ပြင်ပလူနာဌာနနှင့် အတွင်းလူနာလက်ခံကုသနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးဝန်ထမ်းများနှင့် ရင်းနှီးစွာတွေ့ဆုံပြီး ပြည်သူ့ကျန်းမာရေးလုပ်ငန်းများဖြစ်ကြသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရန်နှင့် ကုသရေးလုပ်ငန်းများကိုလည်း ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးရုံသို့ အလှူငွေပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိုင်းယောင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး မိုင်းယောင်းမြို့နယ်ကုသရေးဦးစီးဌာနမှူးက ဆေးရုံလုပ်ငန်းဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်မှုနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံ၏ တိုးချဲ့လူနာဆောင်သစ်ဆောက်လုပ်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ဆေးပစ္စည်းကိရိယာများကို အမြန်ဆုံးတင်ပြတောင်းခံ၍ ဖြည့်ဆည်းဆောင်ရွက်သွားရန်နှင့် တိုးချဲ့လူနာဆောင်သစ်ကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေး မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံသို့ အလှူငွေများပေးအပ်သည်။ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုအနေဖြင့် မိုင်းခတ်မြို့နယ်တွင် ၇၇ ရာခိုင်နှုန်းရှိပြီး မိုင်းယောင်းမြို့နယ်တွင် ၇၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန "မျိုးစေ့ပြပွဲရက်သတ္တပတ် ၂၀၂၂" (Seed Fair Week 2022)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသော မျိုးစေ့ပြပွဲ ရက်သတ္တပတ် ၂၀၂၂ ကို **"လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့"** ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံဝင်းအတွင်း ၁၈-၂-၂၀၂၂ မှ ၂၂-၂-၂၀၂၂ ရက်နေ့အထိ ကိုဗစ်-၁၉ စည်းကမ်းချက်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာ၍ ကျင်းပသွားမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ လာရောက်လေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

ပြပွဲဆိုင်ရာ အချက်အလက်များကို www.myanmarseedportal.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## အချိန်အခါမဟုတ် မိုးရွာနိုင်မည့် သတိပေးချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ၁၉-၂-၂၀၂၂ ရက်နေ့မှ ၂၃-၂-၂၀၂၂ ရက်နေ့အတွင်း တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းတစ်ရပ်၏ပြယုဂ်- ခေါင်းဆောင်မှု အရင်းအမြစ်တည်ဆောက်ခြင်းဆိုင်ရာ တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများဖြင့် ဆောင်ရွက်ခဲ့သော ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းတစ်ရပ်၏ ပြယုဂ်- ခေါင်းဆောင်မှု အရင်းအမြစ်တည်ဆောက်ခြင်းဆိုင်ရာ တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၄ နာရီက ပြည်ထောင်စုရာထူးဝန်အဖွဲ့ စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားရှိသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။



**ပြောကြား**

ပိတ်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက ယခုဆွေးနွေးပွဲသည် နောက်ဆုံးအကြိမ် ကျင်းပသော ဆွေးနွေးပွဲဖြစ်သည်နှင့်အညီ ယခင် ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့တွင် ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲ ရလဒ်များ၊ အကြံပြုချက်များနှင့်အတူ နိုင်ငံ့ဝန်ထမ်းစနစ် ပိုမိုကောင်းမွန်အောင်၊ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တိုးတက်စေရေး၊ ခေါင်းဆောင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေး၊ တစ်ဦးချင်း တစ်ယောက်ချင်း စွမ်းဆောင်ရည်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကြိုတင်မြော်တွေးမှု တိုးတက်ကောင်းမွန်ရေး၊ ယင်းအချက်များကို အခြေခံ၍ အဖွဲ့အစည်းအတွင်း ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု၊ စည်းလုံးမှုကို တည်ဆောက်ပြီး တစ်ဦးချင်း တစ်ဦးချင်း တိုးတက်မှုမှသည် အရည်အချင်းရှိသော ခေါင်းဆောင်ကောင်းများ ထွက်ပေါ်လာစေမည် ဖြစ်ပါကြောင်း၊ တစ်ပြိုင်တည်းမှာပင် အလုပ်ရုံဆွေးနွေးပွဲအတွင်း တက်ရောက်ဆွေးနွေးသူများ၊ ပါဝင်ဆွေးနွေးသူများ၏ အတွေးအခေါ်များ ရှင်သန်ဖွံ့ဖြိုးလာစေပြီး အရည်အချင်းအလိုက် ထုတ်ဖော်ပြသခွင့်ရသည့်အတွက် တစ်ဦးချင်း၏စွမ်းဆောင်ရည် တိုးတက်လာမှုကို များစွာအထောက်အကူပြုသည့် ရလဒ်ကောင်းများ ဖြစ်ပေါ်လာကြောင်း၊ ကျင်းပပြီးစီးခဲ့သော အလုပ်ရုံဆွေးနွေးပွဲများမှ ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ချက်ချင်းဆောင်ရွက်ပြီး ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားကာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဆုများချီးမြှင့်**

အလုပ်ရုံ ဆွေးနွေးပွဲကာလမှာ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိဖြစ်ပြီး သတ်မှတ်ခေါင်းစဉ်များအလိုက် ဆွေးနွေးမှုများပြုလုပ်ခြင်း၊ အုပ်စုအလိုက်ခွဲ၍ ဆွေးနွေးခြင်း၊ ဆွေးနွေးမှုရလဒ်များကို ပြန်လည်တင်ပြခြင်း၊ ရလဒ်များသုံးသပ်ဖော်ထုတ်ခြင်း၊ အကဲဖြတ်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခြင်း၊ အကောင်းဆုံး ဆွေးနွေးတင်ပြသူများ၊ အကောင်းဆုံး ပါဝင်ဆွေးနွေးသူများနှင့် အကောင်းဆုံးအုပ်စုအလိုက် ဆွေးနွေးတင်ပြသည့်အုပ်စုအား ဆုများချီးမြှင့်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# “လူငယ်အားမာန်မိုးထိလျှံ အငြိမ့်” ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “လူငယ်အားမာန်မိုးထိလျှံအငြိမ့်” ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၉ ရက် စနေနေ့ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို ရွှေရှမ်းအောင်ကစီစဉ်ပြီး မြန်မာပြည်သား ပြူးစိန်(ဆိုင်း)၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ဝမ်းကေဇင်၊ ရှေ့ထွက်မင်းသမီး သွန်းမုဒြာ၊ လူရွှင်တော်များဖြစ်ကြသည့် ဒိုးဒိုး၊ ပြည်ချစ်၊ ဖြိုးကြွယ်နှင့် ကော်ဖီတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာသတင်း အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ်အမှတ်(၅၄)ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV -HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်အမှတ်(၅၄)၏ ကိုဗစ်-၁၉ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို သရုပ်ဆောင် ထူးပြည့်အောင်နှင့် MRTV မှ မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၈၊ ၁၉၊ ၂၀ ရက်နေ့များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# “ငွေနှင်းစိုစို သီချင်းချိုချို” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ ဂန္ထဝင်နှင့် မျိုးဆက်သစ် တေးသံရှင်များ စုပေါင်းတင်ဆက်မည့် “ငွေနှင်းစိုစို သီချင်းချိုချို” တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၈ ရက် သောကြာနေ့ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် တင်ဦးလေး၊ ကေတုဝင်းထွဋ်တို့နှင့်အတူ တူယှဉ်နွဲပျော် ဂီတပွဲတော်ပြိုင်ပွဲမှ မျိုးဆက်သစ် တေးသံရှင်များဖြစ်ကြသည့် ဇင်သူသူထွန်း၊ ချိုမီမီဇော်၊ မြတ်နိုးစံ၊ ဇော်ထွေးလတ်၊ ကြူကြူခိုင်၊ ရျာန်ထူး၊ ရေဂျီနားနှင့် ချမ်းဟိန်းဝင်းထွန်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဖေဖော်ဝါရီ ၂၀ ရက်၊ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# လာအိုနိုင်ငံက အသက်ခြောက်နှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးမှုစတင်မည်

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၁၆**

လာအိုနိုင်ငံသည် စာသင်ကျောင်းများအား ဘေးကင်းလုံခြုံစွာပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အသက်ခြောက်နှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမှုကို မတ်လအတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖေဖော်ဝါရီ ၁၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါအသက်ခြောက်နှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအနက် စုစုပေါင်း ၉၅၇၀၀၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်းနှင့် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့်အခြားသောမိသားစုဝင်များကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် တိုက်တွန်းရာရောက်မည် ဖြစ်ကြောင်း လာအိုနိုင်ငံအမျိုးသားကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်၏ လက်ထောက်မန်နေဂျာ ချန်ဆိုင်းပါသမ်မာဗောင်၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်း နေ့စဉ်သတင်းစာ ဗီယင်ကျန်းတိုင်းမ်က သတင်းဖော်ပြထားသည်။

အသက်ခြောက်နှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုကို လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်း၌ စတင်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် အရည်အချင်းပြည့်မီသူများအားလုံး၏ ၆၅ ဒသမ ၇၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၅၇ ဒသမ ၈၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း လာအိုနိုင်ငံ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်းအဖွဲ့ ကော်မတီက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပြီးသည့်ကလေးငယ်များအား မြို့တော်ဂျကာတာရှိ ဈေးဝယ်စင်တာများသို့ ဝင်ရောက်ခွင့်ပြုမည်

**ဂျကာတာ ဖေဖော်ဝါရီ ၁၆**

အင်ဒိုနီးရှားနိုင်ငံအစိုးရသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်သည့် အသက်ခြောက်နှစ်မှ ၁၂ နှစ်အရွယ်ကလေးငယ်များအား မြို့တော်ဂျကာတာရှိ ဈေးဝယ်စင်တာများနှင့် အပန်းဖြေစရာနေရာများသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။



သို့ရာတွင် ဂျကာတာရှိ ဈေးဝယ်စင်တာများသို့ ဝင်ရောက်မည့် အဆိုပါအသက်အရွယ်ရှိ ကလေးငယ်များသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ်ထိုးနှံမှုခံယူပြီးကြောင်း၊ ထောက်ခံချက်ပြသရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် ယင်းကလေးငယ်များအား ၎င်းတို့၏မိဘများနှင့်အတူ လိုက်ပါရမည်ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄ ဒသမ ၉ သန်းကျော်ရှိကြောင်းနှင့် အဆိုပါရောဂါဖြင့်သေဆုံးသူအရေအတွက်သည်လည်း ၁၄၅၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်းသိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ကျန်းမာရေးအာဏာပိုင်များက ခွင့်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ပြီးခဲ့သည့်နှစ် ဇန်နဝါရီလအတွင်းက စတင်ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံပေးသည့် ကာကွယ်ဆေးများအပါအဝင် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၃၂ သန်းကျော်အသုံးပြုပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၂၀၈ ဒသမ ၂ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝထိုးနှံပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ရုရှား၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄ ဒသမ ၆ သန်းကျော်ရှိလာ

**မော်စကို ဖေဖော်ဝါရီ ၁၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၉၂၈၄ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၄၆၅၉၈၈၀ ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၄၈ ဦးရှိခြင်းကြောင့် လက်ရှိတွင် အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၄၂၃၈၃ ဦးရှိလာကြောင်း သိရသည်။ထို့ပြင် ရုရှားနိုင်ငံ၌ ယမန်နေ့က ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၇၂၄၆၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့်ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၁၁၆၄၃၃၉၃ ဦးရှိကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးဖြစ်ပွားသည့် ဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၂၆၂ ဦးထပ်မံတွေ့ရှိကြောင်း သိရသည်။ ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# ဗီယက်နမ်အစိုးရက နိုင်ငံခြားသားခရီးသွားများအား မတ် ၁၅ ရက်မှစပြီး ပြည်ဝင်ခွင့်ပြုမည်

**ဟနွိုင်း ဖေဖော်ဝါရီ ၁၆**

ဗီယက်နမ်နိုင်ငံအစိုးရက ခရီးသွားလာမှုလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်အသစ်တစ်ရပ်ကို ချမှတ်အကောင်အထည် ဖော်ဆောင်လျက်ရှိပြီး နိုင်ငံခြားသားခရီးသွားများအား မတ် ၁၅ ရက်မှစပြီး ပြည်ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ယနေ့ပြောကြားသည်။

အဆိုပါအစီအစဉ်အရ နိုင်ငံခြားသားခရီးသွားများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူထားရန်လိုအပ်ပြီး ၇၂ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမရှိကြောင်း ဆေးသက်သေခံလက်မှတ်ကို ပြသရမည်ဖြစ်သည်။

သို့သော် သီးခြားကန့်သတ်ထားသည့် လည်ပတ်စရာနေရာများသို့သာ သွားလာခွင့်ပြုထားကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ခရီးသွားလာမှုပိတ်ပင်ခြင်းနှင့် အခြားသောတင်းကျပ်သည့် စည်းမျဉ်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ သိသာစွာ ကျဆင်းလာသည်ကို တွေ့ရသည်။ ယင်းကြောင့် ဗီယက်နမ်အစိုးရက ခရီးသွားလာမှုလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်အသစ်ကို အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်မှုအရေအတွက် မြင့်တက်လျက်ရှိစဉ် အဆိုပါအစီအစဉ်ကို ကြေညာခြင်းဖြစ်သည်။

ယမန်နေ့ဆေးမှတ်တမ်းများအရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် ၃၀၀၀၀ ကျော်အထိ ပထမဆုံးအကြိမ် စံချိန်တင်မြင့်တက်ကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၁၆၆၁၅၄၀၉ ဦး |
| | သေဆုံးသူ | ၅၈၅၉၆၁၁ ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၃၃၉၄၇၇၂၅၁ဦး |

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူရန် ငြင်းဆန်သည့် နယူးယောက်စီးတီး စည်ပင်ဝန်ထမ်း ၁၄၀၀ ကျော်အား အလုပ်မှထုတ်ပယ်

**နယူးယောက်စီးတီး ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံ နယူးယောက်စီးတီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူရန် ငြင်းဆန်သည့် စည်ပင်ဝန်ထမ်း ၁၄၀၀ ကျော်အား အလုပ်မှ ထုတ်ပယ်ခဲ့ကြောင်း နယူးယောက်စီးတီး တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အဆိုပါ ကြေညာချက်ကို နယူးယောက်စီးတီး မြို့တော်ဝန် အဲရစ်အက်ဒမန်ရုံးက ယမန်နေ့တွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။

နယူးယောက်စီးတီး၌ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများနှင့် အခြားသောဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူရန် လိုအပ်သည်။ သက်ဆိုင်ရာရုံးဌာနများက ပြီးခဲ့သည့် အောက်တိုဘာလအထိ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းမရှိသေးသည့် ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခွင့်မပြုဘဲ လစာမဲ့ခွင့်ကိုသာ ခွင့်ပြုထားကြောင်း သိရသည်။

မြို့တော်အတွင်း၌ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းမရှိသေးသည့် ဝန်ထမ်းအရေအတွက် ၂၄၀၀ ခန့်ရှိပြီး အဆိုပါဝန်ထမ်းများ ကာကွယ်ဆေးထိုးနှံမှုခံယူရန်အတွက် ဖေဖော်ဝါရီ ၁၁ ရက်ကို နောက်ဆုံးနေ့ရက်အဖြစ် သတ်မှတ်ထားခဲ့သည်။

အဆိုပါသတ်မှတ်ရက်ကျော်လွန်ကာ လက်ရှိအချိန်အထိ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းမရှိသည့် စည်ပင်ဝန်ထမ်း ၁၄၃၀ အား အလုပ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သော အောက်တိုဘာလအထိ မြို့တော်အတွင်းရှိ လုပ်သားအင်အား ၈၅ ရာခိုင်နှုန်း (၃၇၀၀၀၀) သည် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ လက်ရှိတွင် ၉၅ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

# တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ် တစ်စင်း လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်း၍ ပျက်ကျမှုဖြစ်ပွား

နေပြည်တော်  ဖေဖော်ဝါရီ ၁၆

တပ်မတော်(လေ)တံတားဦး လေတပ်စခန်းမှ ပုံမှန်လေ့ကျင့်ပျံသန်းလျက်ရှိသည့် တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် လေ့ကျင့်ရေးဧရိယာ၌ လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်သည် လေ့ကျင့်ရေးဧရိယာ၌ ပုံမှန်လေ့ကျင့်ပျံသန်းမှုများ ဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီ ၄၃ မိနစ်ခန့်တွင် ဆက်သွယ်မှုပြတ်တောက်ခဲ့သဖြင့် တပ်မတော်(လေ)မှ လေယာဉ်တစ်စင်းဖြင့် လိုက်လံရှာဖွေခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာ၏ အရှေ့ဘက်ရှိ ရေမျက်ကြီးအင်းအတွင်း၌ စက်ချွတ်ယွင်းကာပျက်ကျခဲ့သည့် အဆိုပါလေယာဉ်ကိုတွေ့ရှိခဲ့ပြီး လေယာဉ်မှူးဖြစ်သူ ဗိုလ်ကြီး ဟိန်းထက်အောင်မှာ သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ပျက်ကျမှုဖြစ်ပွားသည့်နေရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ အသေးစိတ်စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်း၍ ပျက်ကျမှု ဖြစ်စဉ်နေရာပြပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ အကောင့်ပိုင်ရှင်(စိစစ်ဆဲ)အသုံးပြုသည့် “Ye Khaung” Facebook အကောင့်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၄)ရပ်ကွက် ဖွဲကပင်(၂)လမ်း အမှတ်(၄၁၆)နေ သင်းသင်းခိုင် အသုံးပြုသည့် “Thin Thin” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် ကျွန်းသစ်၊ သစ်မျိုးစုံ၊ လိုင်စင်မဲ့ဆိုင်ကယ်၊ စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော်  ဖေဖော်ဝါရီ ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ ကျောက်စိမ်းအရိုင်းတုံးဆိုဒ်စုံ စုစုပေါင်းအလေးချိန် ၂၄၃ ကီလိုဂရမ် သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၊ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီ အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၅ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်းမျိုးစုံ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၄၁၁၄ သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အသည်းအားဆေးထုပ် ၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။



သိမ်းဆည်းရမိသည့် တရားမဝင် စားသောက်ကုန်ပစ္စည်းများကို တွေ့ရစဉ်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်အဖွဲ့နှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၅၇၀၀၀ သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းရှိ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကြက်သားအမျှင်အထုပ် ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ ကျောက်ဖြူမြို့နယ်နှင့် သံတွဲမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ တန်၁၁ ဒသမ ၁၄၈၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၃၆၀ သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးရာ ပဲခူး၊ တောင်ငူနှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံတန် ၁၅ ဒသမ ၂၀၆၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၄၃၆၀ သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ အင်းတော်မြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)နှင့် ဟုမ္မလင်းမြို့နယ်အတွင်း ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် အင်ဂျင်ငါးလုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက် နှင့် ၁၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၂၅၈၃၄) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူများကို ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာကားဝင်းနေ နိုင်လင်းအောင်(ခ)အီးကွဲ(ခ)ဒဗလျူ (ဘ)ဦးအောင်ဆန်းဝင်းသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံထောက်ပံ့ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း အကြမ်းဖက်သင်တန်းတက်ရောက်ခြင်း၊ လက်နက်၊ ခဲယမ်းများနှင့် လက်လုပ်ဗုံးများ သယ်ဆောင်ပေးခြင်းဖြင့် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုကိုကျူးလွန်ခဲ့ခြင်းအတွက်ကြောင့်လည်းကောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ်(၂)သိင်္ဂီလမ်း ကျောင်းပိုင်းရပ်ကွက်နေ အောင်ဘုန်းကျော်(ခ) ဗီးရိုးတူး(ဘ) ဦးရန်လင်းအောင်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း အကြမ်းဖက်သင်တန်းတက်ရောက်ခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးထောက်ပံ့မှုများ လက်ခံရယူခြင်းနှင့် ချုံခိုတိုက်ခိုက်ရာတွင် ပါဝင်ခဲ့ခြင်းဖြင့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ (သို့မဟုတ်) တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်ခဲ့ခြင်းကြောင့်လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ)နှင့် ၅၀(က) တို့အရ ဖေဖော်ဝါရီ ၁၅ ရက်တွင် ၎င်းတို့အား "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။



နိုင်လင်းအောင်(ခ)အီးကွဲ (ခ) ဒဗလျူ



အောင်ဘုန်းကျော်(ခ) ဗီးရိုးတူး

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံအကြမ်းဖက်သမားများက လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး ၎င်းတို့ ဆုတ်ခွာထွက်ပြေးစဉ် ပြည်သူများ၏ နေအိမ်များ မီးရှို့ဖျက်ဆီး၊ အပြစ်မဲ့ပြည်သူ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ မီးလောင်သေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက ဖေဖော်ဝါရီ ၁၄ ရက် ည ၁၂ နာရီခွဲတွင် ကျေးရွာ၏မြောက်ဘက်မှ လက်လုပ်စိန်ပြောင်း၊ တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ မိနစ် ၃၀ ခန့်အကြာတွင် အကြမ်းဖက်သမားများမှာ ကျေးရွာ၏ မြောက်ဘက်ရှိ ချောင်းဦးကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

PDFအမည်ခံအကြမ်းဖက်သမားများသည် ၎င်းတို့ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် ပြည်သူတို့၏ နေအိမ်များ မီးကူးစက်လောင်ကျွမ်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း ကျေးရွာရှိ အပြစ်မဲ့ပြည်သူများ၏နေအိမ် ၃၁ လုံး မီးလောင်ပျက်စီးဆုံးရှုံးပြီး အဆိုပါကျေးရွာနေ ဦးဖိုးညို (၄၁)နှစ် (ဘ) ဦးတင်လှိုင်၊ ဦးလှရွှေ(၆၅)နှစ် (ဘ)ဦးပေါက်၊ ဦးသန်းဆွေ (၆၆)နှစ် (ဘ) ဦးဖိုးစပ်နှင့် ဒေါ်တင်စု (၅၅)နှစ် (ဘ) ဦးကျော်သိန်းတို့ လေးဦးမှာ ၎င်းတို့၏နေအိမ်များအတွင်း ပိတ်မိ၍ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ထိုသို့မီးလောင်ပျက်စီးခဲ့သည့် နေအိမ် ၃၁ လုံးမှ အိမ်ထောင်စု ၃၁ စု၊ ကျေးရွာနေပြည်သူ ၁၇၁ ဦးတို့အား ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းပို့ဆောင်ထားရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများ ဆက်လက်လုပ်ဆောင်ခဲ့ရာ အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် လက်လုပ်တူမီးသေနတ် တစ်လက်၊ လက်လုပ်ပစ္စတိုသေနတ် နှစ်လက်၊ ၄၀ မမ လက်လုပ် ဗုံးသီး ၁၃ လုံး၊ ၅ ဒသမ ၅၆ ကျည် တစ်တောင့်၊ ၇ ဒသမ ၆၂ ကျည်ကိုးတောင့်တို့ကို ကျေးရွာပတ်လမ်း၌ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထိုကဲ့သို့ ကျေးရွာနေပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေး လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးကာ လူ့အသက်သေဆုံးစေခဲ့သည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# သီပေါမြို့၌ ၁၂ ဘီးယာဉ် တိုးဂိတ်အား ဝင်တိုက်မိ၍ တိုးဂိတ်ဝန်ထမ်းနှင့် ယာဉ်နောက်လိုက်ဒဏ်ရာများရရှိ



သီပေါ ဖေဖော်ဝါရီ ၁၆

လားရှိုးမှ မန္တလေးသို့ ပြောင်းဆန်အိတ် ၃၂၅ အိတ် တင်ဆောင် မောင်းနှင်လာသော ၁၂ ဘီးယာဉ်သည် ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းက ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ သီပေါမြို့ အော်ရီယမ်တယ် ဟိုင်းဝေးကုမ္ပဏီ (OHC)အနီးတွင် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တိုးဂိတ်ကောင်တာအမှတ် (၂) ၏ ငွေကောင်တာဌာနနှင့် တိုးဂိတ်အမိုးတို့အား ဝင်တိုက်မိပြီး တိုးဂိတ်အလွန်ခါတ်တိုင်ကိုပါ တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် တိုးဂိတ်ဝန်ထမ်းတစ်ဦးနှင့် ယာဉ်ပေါ်ပါ ယာဉ်နောက်လိုက်တစ်ဦးတို့ (စိုးရိမ်ရ) ဒဏ်ရာများရရှိကြသဖြင့် သီပေါမြို့မှ လူမှုကူညီရေးအသင်းများက ပြည်သူ့ဆေးရုံအရေးပေါ်ဌာနသို့ ပို့ဆောင်ကူညီပေးခဲ့ကြသည်။ ယာဉ်မောင်းဖြစ်သူမှာ ဒဏ်ရာမရရှိကြောင်း သိရပြီး အမှုကို သီပေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၁၀

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၂-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | NRC အစီအစဉ်(ကရင်) |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | စိမ်းလန်းခြင်းနှင့်ငြိမ်းချမ်းခြင်း |
| ၁၁:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ငမွဲထိုက်ငေ' |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၄၁) |
| ၁၃:၃၀ | MRTV National News |
| ၁၃:၅၅ | စိန်ရတုပြည်ထောင်စုလွှတ်တော်ဖလား ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) |
| ၁၅:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၃) |
| ၁၆:၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၇:၂၀ | ရှမ်းပြည်နယ်မြောက်ပိုင်းလမ်းဦးစီးဌာန၏ဆောင်ရွက်ချက်များ |
| ၁၇:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၅ | မြန်မာဇာတ်လမ်းတွဲ 'ရပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၁၅) |
| ၂၂:၁၀ | ရုပ်မြင်သံကြားဇာတ်လမ်းတွဲ 'ဝိဝိနေအိမ်ကိုတည်ဆောက်ကြသူများ' |

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

### mtv

| | |
|---|---|
| 07:02 | Myitta (Kyawt Kay Khaing) |
| 07:08 | ASEAN Socio-Cultural Community #1: The People Pillar-Protect and Advance the Quality of Life |
| 07:14 | Natural Lake: Fish Breeding Business |
| 07:27 | Mogok, Ruby Land |
| 07:42 | Marvelous Solo Cane Ball Playing |
| 08:01 | Discovering Tribes: Wa - Their Life and Customs |
| 08:36 | Art Designer Nay Chi Win Lai Yee |
| 09:01 | News |
| 09:27 | Myanmar's Bamboo Hat |
| 09:40 | A Chance to change their Future |
| 10:00 | Gardener: Rose Plantation |
| 10:07 | Myanmar Traditional Food: Mohinga |
| 10:27 | Discovering Tribes: Kanan their life and customs (Part-I) |

### MRTV NRC

**ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သွားကျောက်ဖြစ်ခြင်းနှင့်သွားအကြောထုတ်ကုသခြင်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ထမင်းရည်ရဲ့အကျိုးကျေးဇူး

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
စာပေအမြုတေ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ရာဇဝင်ဖြိုဟ်ရေလှောင်တမံ

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
သားရေကွင်းပြုလုပ်ပုံအဆင့်ဆင့်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၁)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ထင်းရှူးတန်းကရှိုက်ခံပန်း(အပိုင်း-၂)ဇာတ်လမ်း

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
'ဝ' ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့ (အပိုင်း-၂)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
အရောက်လှမ်းခဲ့ပါသွေးချင်းတို့ရဲ့ချစ်စရာကယားမြေ

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မမှန်သတင်းပေးခြင်း' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇) |
| ၁၁:၀၀ | ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုး အကြောင်းသိကောင်းစရာ(အပိုင်း-၃) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၇) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS တို့ နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel တို့ စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# မီဒီယာအဆိပ်သင့်တဲ့ပြည်

**မဟုတ်မမှန်လုပ်ကြံသတင်းတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေ၊ ဝါဒဖြန့်ချိမှုတွေနဲ့ မီဒီယာအဆိပ်သင့်မှု အများဆုံးခံနေရတဲ့ တိုင်းပြည်ကိုပြပါဆိုရင် အရှေ့တောင်အာရှက မြန်မာပြည်ကို ညွှန်ပြရမလိုပါပဲ။ အခြားနိုင်ငံတွေလည်း မီဒီယာအဆိပ်သင့်မှု အနည်းနဲ့အများတော့ ခံနေရတာပါပဲ။**

## ပြည်ထောင်စုသားတစ်ဦး

ကျွန်တော်တို့နိုင်ငံမှာ တိတိကျကျဆိုရရင်တော့ ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှာ BBC ၊ VOA၊ All India ရေဒီယိုအသံလွှင့်ဌာနတို့က မြန်မာပြည်ကို မီဒီယာ အဆိပ်ခတ်ခဲ့ရာကစပြီး အဆိပ်သင့်ခဲ့ရတာ ယခုဆို နှစ်ပေါင်း ၃၀ ကျော်လာခဲ့ပြီလို့ ဆိုရမှာပါ။

**ပြည်ပအသံလွှင့်ဌာနတွေကိုပဲ အားကိုးလာခဲ့ကြ**

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရခေတ်မှာ နှစ်ပေါင်းများစွာ ရိုးအီနေတဲ့ သတင်းတင်ဆက်မှုတွေ၊ စိုးရိမ်လွန်ကဲမှုကြောင့် အရေးမပါတဲ့ သတင်းကအစ သတင်းအမှောင်ချခဲ့မှုတွေ၊ တုံ့ပြန်ချက်ဖင့်နွှဲ့နှောင့်နှေးမှုတွေ၊ ဗဟိုဦးစီးစနစ်ချုပ်ကိုင်မှုကြောင့် သတင်းစီးဆင်းမှု လေးလံနှေးကွေးမှုတွေကြောင့် နှီးကြားတက်ကြွတဲ့ ပြည်သူအများစုဟာ ပြည်ပအသံလွှင့်ဌာနတွေကိုပဲ အားကိုးလာခဲ့ကြတယ်။ ရိုးသားတဲ့မြန်မာပြည်သူ အများစုဟာလည်း ပြည်ပသတင်းဌာနတွေရဲ့ ထုတ်လွှင့်ချက်မှန်သမျှဟာ အမှန်ပဲလို့ တထစ်ချပုံသေကားကျ ယုံကြည်ယူဆခဲ့ကြပါတယ်။

သို့မို့ကြောင့် ပြည်ပသတင်းဌာနအချို့ရဲ့ အမှန်ထက်ဝက်၊ မမှန်ထက်ဝက်၊ ဖုံးတစ်ဝက်၊ ဖော်တစ်ဝက်ဆိုတဲ့ "Card Stacking" ဆိုတဲ့ ပဋ္ဌလက်သတင်းဖော်ပြနည်းတွေ၊ နှတ်ကြောင်းပေးသွေးထိုးလှုံ့ဆော်မှုတွေ၊ "Name Calling"ဆိုတဲ့ တည်ဆဲအစိုးရတစ်ရပ်အပေါ် အများပြည်သူက အမုန်းကြီးမုန်း၊ အကြောက်ကြီးကြောက်ပြီး ရွံကြောက်ကြီးဖြစ်လာစေရန် ပြစ်တင်ရှုတ်ချ အပုပ်ချနည်းတွေစတဲ့ နည်းလမ်းပေါင်းစုံကို မြန်မာပြည်သူအများစုဟာ သတိမမူနိုင်ခဲ့ကြဘူး။

မီဒီယာကျင့်ဝတ်နဲ့မညီတဲ့ မီဒီယာအချို့ရဲ့ အဆိပ်ခတ်မှုတွေဟာ တဖြည်းဖြည်းစုပြုံများပြားလာတာနဲ့အမျှ ၁၉၈၈ ခုနှစ် အရေးအခင်းကာလအတွင်း အစိုးရရဲ့ အစွမ်းကုန်လိုက်လျောပေးမှုတွေဟာလည်း ရေပေါ်အရုပ်ရေးသလို အရာမထင်ဖြစ်ခဲ့ရတယ်။

မြွေပူရာကင်းမှောက်၊ ဘူးလေးရာဖရုံဆင့်ဆိုသလို အရေးအခင်းကာလမှာ ခါတော်မီ သတင်းစာတွေ၊သတင်းလွှာတွေကလည်း ပလူပျံအောင်ထွက်ရှိလာခဲ့ပြီး အများစုက အင်အားချည့်နဲ့ပြီး မလှုပ်နိုင်တော့တဲ့ မဆလအစိုးရကို အညှာအတာကင်းမဲ့စွာ ကလောင်ပေါင်းစုံနဲ့ တစ်ဖက်သတ် ဝိုင်းပြီး




ထိုးဆွခဲ့ကြပြန်ပါတယ်။

**နိုင်ငံ့အရေးအတွက် ပူပန်မှုရှိတဲ့ "ဆရာဝန်တစ်ဦး"ဆိုတဲ့ ကလောင်ရှင်တစ်ဦးက "မီးဟုန်းဟုန်းတောက်တော့မည့် မြန်မာပြည်" ဆိုတဲ့ ခေါင်းစဉ်နဲ့ လက်ရှိအခြေအနေအပေါ် စဉ်းစားဆင်ခြင်နိုင်ဖို့ ဆောင်းပါးတစ်ပုဒ် ရေးသားပြီး သူ့ဆောင်းပါးကို သတင်းစာတိုက်တွေက အသုံးပြုဖော်ပြပေးဖို့ ကြိုးစားခဲ့ပေမယ့် ဘယ်အယ်ဒီတာကမှ လက်မခံခဲ့ကြပါဘူး။ သို့မို့ကြောင့် ထိုဆောင်းပါးရှင်ဟာ သူ့စရိတ်နဲ့သူ အစောင်သုံးလေးရာခန့်ကို ဖြစ်တဲ့နည်းနဲ့ ထုတ်ဝေဖြန့်ချိခဲ့ရပါတယ်။ အရေးအခင်းနောက်ပိုင်းမှာ သူသတိပေးရေးသားခဲ့သလိုပါပဲ။ မြန်မာပြည်ဟာ ဆူပူအကြမ်းဖက်မှုတွေ၊ လုယက်မှုတွေ၊ ခေါင်းဖြတ်သတ်ဖြတ်မှုတွေနဲ့ မီးဟုန်းဟုန်းတောက်လောင်ခဲ့ရပါတယ်။**

**မီဒီယာကို မီဒီယာနဲ့တိုက်**

၁၉၈၈ အရေးအခင်းနောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာတော့ ပြည်ပသတင်းမီဒီယာတွေရဲ့ မီဒီယာအဆိပ်ခတ်မှုတွေကို တုံ့ပြန်ချေဖျက်တဲ့အနေနဲ့ "မီဒီယာကို မီဒီယာနဲ့တိုက်"ဆိုပြီး တုံ့ပြန်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ပအသံလွှင့်ဌာနအချို့ရဲ့ မဟုတ်မမှန် လုပ်ကြံသတင်းတွေအပေါ်ကိုလည်း တုံ့ဆိုင်းတွေဝေမှုမရှိဘဲ နိုင်ငံပိုင်မီဒီယာကတစ်ဆင့် သတင်းစာရှင်းလင်းပွဲတွေ၊ ပညာပေးရေးသားမှုတွေနဲ့ ချက်ချင်းလက်ငင်း တုံ့ပြန်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းမျက်နှာစာမှာလည်း စာပေစိစစ်ရေးနဲ့ မှတ်ပုံတင်ဌာနကို ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာထားရှိပြီး ပုံနှိပ်မီဒီယာကို တင်းကျပ်စွာ ထိန်းချုပ်ထားခဲ့တယ်။ သို့ပေမယ့် ပြည်ပမီဒီယာတွေရဲ့ ထိုးဖောက်မှုကို အလုံးစုံ လွှမ်းခြုံမကာကွယ်နိုင်ခဲ့ပါဘူး။

**မြန်မာ့မီဒီယာ တစ်ခေတ်ပြန်လည်ဆန်းသစ်**

သမ္မတဦးသိန်းစိန် အစိုးရခေတ် ၂၀၁၀-၂၀၁၅ မှာတော့ မြန်မာ့မီဒီယာ တစ်ခေတ်ပြန်လည်ဆန်းသစ်လာခဲ့ပါတယ်။ သမ္မတဦးသိန်းစိန်ဟာ ပြောင်းလဲလာတဲ့ခေတ်စနစ်နဲ့အညီ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် မီဒီယာပြုပြင်ပြောင်းလဲရေးနဲ့ မီဒီယာလွတ်လပ်ခွင့်ကိုပါ ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကနဦးမှာ စာပေစိစစ်ရေးလုပ်ထုံးလုပ်နည်းတွေကို ဖြေလျှော့ပေးခဲ့ပြီး နောက်ပိုင်းမှာ ဖျက်သိမ်းခဲ့တဲ့အထိ ဆောင်ရွက်ပေးခဲ့သလို နှစ်ပေါင်းများစွာ ပိတ်ပင်ခံခဲ့ရတဲ့ ပုဂ္ဂလိက သတင်းစာတွေကိုလည်း ပြန်လည်ထုတ်ဝေခွင့်ပြုပေးခဲ့ပါတယ်။

သမ္မတဦးသိန်းစိန်အစိုးရခေတ် သတင်းမီဒီယာ လွတ်လပ်ခွင့်ကို အကဲဖြတ်ကြည့်ရင် တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူနိုင်ငံတို့ထက် သာလွန်တဲ့ အနေအထားတစ်ခုရောက်အောင် ကာလတိုအတွင်း ဆောင်ရွက်နိုင်ခဲ့တာကို တွေ့မြင်ရပါလိမ့်မယ်။

တစ်ဖက်မှာလည်း ပြည်သူသန်းပေါင်းများစွာကို မိုဘိုင်းလ်ဖုန်းတွေ ကိုင်ဆောင်သုံးစွဲခွင့်ရအောင် ဆောင်ရွက်ပေးခဲ့တဲ့အတွက် လူမှုကွန်ရက်စာမျက်နှာပေါ်မှာ လူတိုင်းလွတ်လပ်စွာ ရေးသားဖော်ပြခွင့်တွေ ရရှိလာခဲ့ကြတယ်။

**သို့ပေမယ့် မြန်မာ့မီဒီယာ လောကအတွင်းမှာ အခွင့်အရေးနဲ့တာဝန်ခံမှု၊ တာဝန်ယူမှု ချိန်ဆကျင့်သုံးမှုအပိုင်းမှာ အားနည်းခဲ့ပါတယ်။ သတင်းမီဒီယာသမားအချို့ဟာ သတင်းမီဒီယာ လွတ်လပ်ခွင့်ကို အသုံးချပြီး ပုဂ္ဂိုလ်ရေး ထိုးနှက်တိုက်ခိုက်မှု၊ ဘက်လိုက်မှုတွေကို လုပ်ဆောင်ခဲ့ကြသလို ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ အစွန်းရောက်နေသူတွေကလည်း ကျင့်ဝတ်၊ သိက္ခာပိုင်းကိုနားမလည်ဘဲ ဖေ့စ်ဘွတ် လူမှုကွန်ရက် စာမျက်နှာပေါ်ကတစ်ဆင့် သမ္မတဦးသိန်းစိန်နဲ့အစိုးရအဖွဲ့ကို ပုဂ္ဂိုလ်ရေးထိုးနှက်ချက်တွေ၊ ရိုင်းစိုင်းစော်ကားစွာ ရေးသားမှုတွေ၊ တစ်ဖက်သတ်ဝါဒဖြန့်ချိမှုတွေနဲ့ ဘက်ပေါင်းစုံက ထိုးနှက်တိုက်ခိုက်ခဲ့ကြပြန်ပါတယ်။**

တကယ်တော့ ဦးသိန်းစိန်အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အချို့ဟာ အမျိုးသားနိုင်ငံရေးမှာတော့ သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့ပါသော်လည်း ပါတီနိုင်ငံရေးမှာတော့ ကိုယ့်တုတ်နဲ့ကိုယ် ပြန်အရိုက်ခံခဲ့ရရှာတယ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။

**လက်စောင်းသိပ်မထက်ကြတော့**

NLD အစိုးရလက်ထက်မှာတော့ ပြည်တွင်းသတင်းမီဒီယာအများစုဟာ ဦးသိန်းစိန် အစိုးရလက်ထက်ကလို လက်စောင်းသိပ်မထက်ကြတော့ပါဘူး။ "ပြည်သူ့အစိုးရ" ဆိုတဲ့ နာမဝိသေသနအောက်က ရုန်းထွက်ဖို့ ခက်ခဲနေကြပုံရပါတယ်။ သို့ကြောင့်မို့ သူတို့ရဲ့ပစ်ကွင်းဟာ တပ်မတော်ဘက်ကို ဦးတည်လာခဲ့ပါတယ်။ ယခင်က အတိတ်ဇာတ်ကြောင်းတချို့ကို ဇာတ်ကြောင်းပြန်လှန်ဖော်ပြပြီး လက်ရှိတပ်မတော်အဖွဲ့အစည်းကို ထိုးနှက်တိုက်ခိုက်လာကြပြန်ပါတယ်။

NLD အစိုးရဟာ ပြည်တွင်းသတင်းမီဒီယာအချို့ရဲ့ ထိုးနှက်တိုက်ခိုက်မှုအချို့ကို ပြင်းပြင်းထန်ထန် တုံ့ပြန်အရေးယူမှုလုပ်ပြခဲ့သလို လူမှုကွန်ရက်စာမျက်နှာထက်က ထိုးနှက်မှုတွေကို တားဆီးနိုင်ဖို့ ဘီလီယံပေါင်းများစွာ အကုန်အကျခံပြီး ပိတ်ဆို့ကာကွယ် တားဆီးမှုတွေကိုလည်း ဆောင်ရွက်ခဲ့ပါသေးတယ်။

သို့ပေမယ့် ပြည်ပမီဒီယာတွေရဲ့အဆိပ်ခတ်မှုနဲ့ ထိုးနှက်မှုတွေကိုတော့ မတားဆီးနိုင်ခဲ့ပါဘူး။ အထူးသဖြင့် ရခိုင်ပြည်နယ် အရေးကိစ္စနဲ့ပတ်သက်ပြီး အများဆုံးထိုးနှက် တိုက်ခိုက်ခံခဲ့ရပြန်ပါတယ်။ လူ့အခွင့်အရေးကိစ္စနဲ့ပတ်သက်ပြီး ထိုးနှက်တိုက်ခိုက်ခံရမှုဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးပြယုဂ်အဖြစ် အများကထင်မှတ်ယူဆထားခဲ့တဲ့ NLD အစိုးရအဖို့ ခံရခက်စရာ ဒဏ်ရာဒဏ်ချက်တစ်ခုလို့ဆိုရမှာပါပဲ။

**မီဒီယာအဆိပ်ခတ်မှုတွေဟာ ပိုမိုပြင်းထန်လာ**

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အိမ်စောင့်အစိုးရခေတ်မှာတော့ ပြည်တွင်း ပြည်ပမီဒီယာအချို့သာမက လူမှုကွန်ရက်စာမျက်နှာထက်က မီဒီယာအဆိပ်ခတ်မှုတွေဟာ ပိုမိုပြင်းထန်လာခဲ့ပါတယ်။

မဟုတ်မမှန်လုပ်ကြံသတင်းတွေ၊ တစ်ဖက်သတ်ဖော်ပြထားတဲ့ သတင်းတွေ၊ အမှန်ထက်ဝက်၊ မမှန်ထက်ဝက်၊ ဖုံးထက်ဝက်၊ ဖော်ထက်ဝက် စတဲ့ ပုံဖျက်သတင်းတွေ၊ ဝါဒဖြန့်ချိမှုတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေဟာ တစ်နေ့တစ်နေ့မရိုးနိုင်အောင် အရှိန်အဟုန် မြင့်တက်လာခဲ့ကြောင်းပါ။

အထူးသဖြင့် ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာပေါ်ကတစ်ဆင့် အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ အစွန်းရောက်သူတွေရဲ့ ဝါဒဖြန့်ချိမှုတွေဟာ ရိုးသားတဲ့ ပြည်သူအများစုနဲ့ ဘဝအတွေ့အကြုံနုနယ်သေးတဲ့ လူငယ်အချို့ကို လမ်းမှားတွန်းပို့နေသလိုဖြစ်နေခဲ့ပါတယ်။

**လူမှုကွန်ရက်စာမျက်နှာထက်မှာ သူတို့အများဆုံးအသုံးပြုနေတဲ့ ဝါဒဖြန့်ချိရေး နည်းလမ်းတစ်ခုကတော့ "Bandwagon"ဆိုတဲ့ ဘေးတီးပေးတဲ့နည်းပါပဲ။ သဘောကတော့ "လူတိုင်းလိုက်လုပ်နေကြပြီ"ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်အောင် ဖြန့်ချိပေးတဲ့ နည်းလမ်းဖြစ်ပါတယ်။ လူတစ်ဦးချင်းစီရဲ့စိတ်ထဲမှာ သူတကာတွေတောင်လုပ်နေကြပြီ ငါလည်းလုပ်မှပဲဆိုတဲ့ စိတ်ဓာတ်မျိုးဖြစ်ပေါ်လာအောင် ဘေးတီးပေးခြင်းပဲဖြစ်ပါတယ်။ သံပုံးတီးကြတဲ့ဖြစ်စဉ်တွေ၊ "Silent Strike"ဆိုတဲ့ တိတ်ဆိတ်ငြိမ်သက်ခြင်းသပိတ်ဖြစ်စဉ်တွေဟာ ဘေးတီးပေးတဲ့ ဝါဒဖြန့်ချိမှုရဲ့ အကျိုးဆက်တွေသာဖြစ်ကြောင်းပါ။**

စာမျက်နှာ ၁၇ သို့ ❖

> **သို့ပေမယ့် မြန်မာ့မီဒီယာလောကအတွင်းမှာ အခွင့်အရေးနဲ့ တာဝန်ခံမှု၊ တာဝန်ယူမှု ချိန်ဆကျင့်သုံးမှုအပိုင်းမှာ အားနည်းခဲ့ပါတယ်။ သတင်းမီဒီယာသမားအချို့ဟာ သတင်းမီဒီယာလွတ်လပ်ခွင့်ကို အသုံးချပြီး ပုဂ္ဂိုလ်ရေးထိုးနှက်တိုက်ခိုက်မှု၊ ဘက်လိုက်မှုတွေကို လုပ်ဆောင်ခဲ့ကြသလို ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ အစွန်းရောက်နေသူများကလည်း ကျင့်ဝတ်၊ သိက္ခာပိုင်းကိုနားမလည်ဘဲ ဖေ့စ်ဘွတ်လူမှုကွန်ရက်စာမျက်နှာပေါ်ကတစ်ဆင့် သမ္မတဦးသိန်းစိန်နဲ့အစိုးရအဖွဲ့ကို ပုဂ္ဂိုလ်ရေးထိုးနှက်ချက်တွေ၊ ရိုင်းစိုင်းစော်ကားစွာ ရေးသားမှုတွေ၊ တစ်ဖက်သတ်ဝါဒဖြန့်ချိမှုတွေနဲ့ ဘက်ပေါင်းစုံက ထိုးနှက်တိုက်ခိုက်ခဲ့ကြ**

## ဇလွန်မြို့နယ်ရှိ ဌာနဆိုင်ရာအသင်းအဖွဲ့များ စုပေါင်း၍ နှမ်းမနဲထိုးပြိုင်ပွဲ ကျင်းပ

ဇလွန် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံအရ အစဉ်အလာမပျက် နှမ်းမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၃ နာရီတွင် ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးဝင်းအတွင်း ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

နှမ်းမနဲထိုးပြိုင်ပွဲတွင် စုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယှဉ်ပြိုင်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး အကဲဖြတ်ဒိုင်အဖွဲ့များက စိစစ်ရွေးချယ် အကဲဖြတ်အမှတ်ပေးခဲ့ကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ပထမဆုရ ပညာရေးအသင်း၊ ဒုတိယဆုရ အမျိုးသမီးရေးရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ တတိယဆုရ မြို့နယ်ရဲတပ်ဖွဲ့အသင်း၊ စတုတ္ထဆုရ စည်ပင်သာယာရေးအဖွဲ့အသင်း၊ ပဥ္စမဆုရ စာရင်းစစ်+ ပြန်/ဆက်၊ မီးသတ်+ လယ်ယာဖွံ့ဖြိုးဘဏ်အသင်းတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ငွေသန်း-ဝေယံ (ဇလွန်)



## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၁၄ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ လူငယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



မန္တလေး ဖေဖော်ဝါရီ ၁၆

မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၁၄ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ လူငယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဗထူး အားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားကစားသည် နိုင်ငံတစ်ခု၏ ဂုဏ်၊ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာဖြစ်သည့်အတွက် အမျိုးသား အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ပြောကြားပြီး လူငယ်ဘောလုံးပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ပြီး အားကစားပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြန်မာ့သိုင်း အားကစားအဖွဲ့၏ ချပ်ကွက်ဖြေနည်း၊ တိုက်ကွမ်ဒိုအားကစားအဖွဲ့၏ အခြေခံကကွက်၊ ဝူရှူး အားကစားအဖွဲ့၏ ထောက်လုပြကွက်နှင့် Myanmar Fitness Dance အဖွဲ့၏ ကကွက်များကို လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်အသင်းနှင့် ပြည်ကြီးတံခွန်မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို လည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၁၄ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ၂၈ မြို့နယ်လူငယ်ဘောလုံးပြိုင်ပွဲများကို ဗထူးအားကစားကွင်း၌ ဖေဖော်ဝါရီ ၂၆ ရက်အထိ ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှားနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်းအပတ်စဉ် (၄/ ၂၀၂၂) အား (၂၁-၂-၂၀၂၂)ရက်နေ့မှ (၃၁-၃-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆/၈၊ ၈၃လမ်း၊ ၂၅ X ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း-၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှား)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှားမြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန

❖ စာမျက်နှာ ၁၆ မှ

"Transfer"ဆိုတဲ့ တံဆိပ်အငှားသုံးနည်း

နောက်ထပ် ဝါဒဖြန့်ချိမှုနည်းလမ်းတစ်သွယ်ကတော့ "Transfer"ဆိုတဲ့ တံဆိပ်အငှားသုံးနည်း တစ်ရပ်ပါပဲ။ အများပြည်သူ ကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းကို ရှေ့တန်းတင် အသုံးချပြီး ထိုပုဂ္ဂိုလ်၊ ထိုအဖွဲ့အစည်းကပဲ မိမိတို့ကို ထောက်ခံအားပေးနေပြီဆိုတဲ့ သဘောသက်ရောက်အောင် ကြော်ငြာတဲ့ ဝါဒဖြန့်ချိရေးနည်းလမ်းပဲ ဖြစ်ပါတယ်။ အချို့စာရေးဆရာ၊ သတင်းစာဆရာနဲ့ အနုပညာရှင်တွေဟာ အများပြည်သူရဲ့ စိတ်အာရုံကို အဆွဲဆောင်နိုင်ဆုံး ပုဂ္ဂိုလ်တွေဖြစ်ကြတဲ့အတွက် ဝါဒဖြန့်ချိသူတွေဟာ မြန်မာပြည်မှာ ဖြစ်ခဲ့သမျှ အရေးအခင်းတိုင်းလိုလိုမှာ သူတို့တစ်တွေကို ကိုယ့်ဘက်ပါအောင် စည်းရုံးဆွဲဆောင်ပြီး ကြော်ငြာတံဆိပ်ကပ်လေ့ရှိပါတယ်။

" နောက်ထပ် ဝါဒဖြန့်ချိမှုနည်းလမ်းတစ်သွယ်ကတော့ "Transfer"ဆိုတဲ့ တံဆိပ်အငှားသုံးနည်း တစ်ရပ်ပါပဲ။ အများပြည်သူ ကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ရှေ့တန်းတင် အသုံးချပြီး ထိုပုဂ္ဂိုလ်၊ ထိုအဖွဲ့အစည်းကပဲ မိမိတို့ကို ထောက်ခံအားပေးနေပြီဆိုတဲ့ သဘောသက်ရောက်အောင် ကြော်ငြာတဲ့ ဝါဒဖြန့်ချိရေးနည်းလမ်းပဲ ဖြစ်ပါတယ်။ အချို့စာရေးဆရာ၊ သတင်းစာဆရာနဲ့ အနုပညာရှင်တွေဟာ အများပြည်သူရဲ့စိတ်အာရုံကို အဆွဲဆောင်နိုင်ဆုံး ပုဂ္ဂိုလ်တွေဖြစ်ကြတဲ့အတွက် ဝါဒဖြန့်ချိသူတွေဟာ မြန်မာပြည်မှာဖြစ်ခဲ့သမျှ အရေးအခင်းတိုင်းလိုလိုမှာ သူတို့တစ်တွေကို ကိုယ့်ဘက်ပါအောင် စည်းရုံးဆွဲဆောင်ပြီး ကြော်ငြာတံဆိပ်ကပ်လေ့ရှိ "

တကယ်တော့ အဆိပ်ဆိုတာ သက်ရှိသတ္တဝါတွေရဲ့ အရေးကြီး အင်္ဂါအစိတ်အပိုင်းတွေကို ဖျက်ဆီးတတ်သလို မီဒီယာအဆိပ်အတောက်ဟာလည်း တိုင်းပြည်တစ်ပြည်ရဲ့ အသက်သွေးကြောတစ်ခုဖြစ်တဲ့ အမျိုးသားသွေးစည်းညီညွတ်ရေးကို ဖြိုခွဲဖျက်ဆီးစေနိုင်ပါတယ်။ အဆိပ်မိနေတဲ့ သက်ရှိသတ္တဝါတွေဟာ မလှုပ်နိုင်၊ မရှားနိုင်၊ အားနည်းချည့်နဲ့ပြီး နောက်ဆုံးလုံးပါးပါး သေဆုံးရတတ်သလို မီဒီယာအဆိပ်သင့်နေတဲ့ တိုင်းပြည်တစ်ပြည်ဟာလည်း အမျိုးသားရေးအားမာန်တွေ၊ စည်းလုံးညီညွတ်မှုတွေ တဖြည်းဖြည်း လုံးပါးပါးချည့်နဲ့လာပြီးအဆုံး တစ်နေ့မှာ ကျရှုံးနိုင်ငံအဖြစ် ဆိုက်ရောက်သွားတတ်ပါတယ်။

မြန်မာပြည်သူတွေ အသိတရား၊ သတိတရားကို လက်ကိုင်ထားပြီး မျက်စိကိုဖွင့် နားကိုစွင့်ထားကြဖို့ လိုပါပြီ။ မီဒီယာအဆိပ်သင့်မှုကို ကာကွယ်တားဆီးနိုင်တဲ့ တစ်ခုတည်းသောအရာကတော့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဆိုတဲ့ အမျိုးသားရေး ကိုယ်ခံအားကောင်းမွန်ဖို့သာ လိုရင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များနှင့် တိုင်းရင်းသားရိုးရာအစားအစာဆိုင်များ ခင်းကျင်းပြသခဲ့မှုမြင်ကွင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ် ၄၅ စီးတို့ကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသခြင်းနှင့် တိုင်းရင်းသား ရိုးရာအစားအစာဆိုင်ခန်းပေါင်း ၂၀ မှ တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချပေးခြင်းတို့ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း ကျင်းပခဲ့ရာ မိဘပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာ ကြည့်ရှုအားပေးခဲ့ကြသည့် မြင်ကွင်းများကို ဖော်ပြလိုက်ပါသည်။


















စာမျက်နှာ ၁၉ သို့

❂ စာမျက်နှာ ၁၈ မှ



















ဝတ္ထုတို

# လှုပ်ခုန်နေဆဲနှလုံးသားတစ်စုံ

ကောင်းစစ်လင်း

"ဖေဖေ မွန်ထမင်းစားကြမလား"။

"ကောင်းသားပဲ၊ ကြုံကြိုက်တုန်း စားကြရအောင် သမီးရာ"

စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားရာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်းကို သမီးဖြစ်သူနှင့် ရောက်ရှိလာခြင်းဖြစ်သည်။ သမီးက ကျွန်တော်နှစ်သက်သည့် မွန်ထမင်းဟင်းများ ရောင်းချရာ မွန်တိုင်းရင်းသားစားသောက်ဆိုင်ရှေ့ အရောက်မှာ ပြောလာခြင်းဖြစ်သည်။

"မွန်ဟင်း၊ မွန်ထမင်းကို သမီးတို့က သိပ်ကြိုက်တာ၊ သမီးဖေဖေဆိုရင် မွန်အစားအစာမှ မွန်အစားအစာ သိပ်ကြိုက်တာလေ"။

သမီးက ဟင်းလျာများကိုသွားကြည့်ကာ ကျွန်တော်ကြိုက်တတ်သည့်ဟင်းများကို မှာကြားရင်း ဆိုင်ရှင်မွန်အမျိုးသမီးကြီးကို ပြောပြနေခြင်းပင်။ သမီးက စားဖွယ်ရာများကိုမှာနေစဉ် ကျွန်တော်က မွန်ရေနွေးကြမ်းပူပူတစ်ခွက်ကို ဖြည်းဖြည်းချင်း မှုတ်သောက်လိုက်သည်။

"ဒီရက်တွေကတော့ အတော်ရောင်းကောင်းတာပါပဲ။ ပထမနေ့တုန်းကဆိုရင် သိပ်မရောင်းရဘူးထင်လို့ နည်းနည်းပဲချက်ထားတာ မနက်ပိုင်းနဲ့တင် ကုန်သွားတယ်"။

"ဟုတ်လား– ရောင်းကောင်းတာပေါ့နော် အန်တီ"။

ဆိုင်ရှင်မွန်အမျိုးသမီးကြီးက သမီးနှင့် လေပေးဖြောင့်နေသည်။ ကျွန်တော်ကလည်း ဝမ်းသာစကားပြောရာ ဆိုင်ရှင်မွန်အမျိုးသားကြီးက အားပါးတရ ပြန်ပြောသည်။

"ဟုတ်ပါ့ဗျာ ဟုတ်ပါ့။ ကျွန်တော်ဆိုရင် အသက်ငါးဆယ်ကျော်နေပါပြီ၊ အခုအချိန်အထိ ဒီလိုပွဲမျိုး မတွေ့ဖူးသေးဘူး။ စည်ကားလိုက်တာလည်းလွန်ပါရော၊ မနေ့ကဆို နှစ်ဆတိုးချက်တာ နေ့ခင်းထမင်းစားချိန်မရောက်ခင် ကုန်သွားတယ်။ ဒီနေ့တော့ သုံးဆချက်ထားရတယ်။ ခုတောင် ကုန်ခါနီးနေပြီ။ လူတွေလာကြတာ အတော်များတယ်လေ"။

"ဩော်– ဝမ်းသာပါတယ်ဗျာ၊ ရောင်းကောင်းကြတာကြားရလို့ တကယ်ဝမ်းသာပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးကို တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာခွင့်ရတာရော၊ တိုင်းရင်းသားအစုံရဲ့ ရိုးရာအစားအစာတွေ၊ အသုံးအဆောင်တွေ၊ အမှတ်တရ ပစ္စည်းတွေလိုသမျှ တစ်နေရာတည်းမှာရတာဆိုတော့ နှစ်သက်ရာအားပေးလို့ရတာကိုက စိတ်ချမ်းမြေ့စရာ၊ ပျော်ရွှင်စရာဖြစ်နေတာပေါ့"။

"ဟုတ်တယ်နော် ဖေဖေ။ တစ်နိုင်ငံလုံးကို ရောက်သွားရသလို ခံစားရတယ်။ သမီးတို့လည်း သဘောကျလို့ နေ့တိုင်းကို လာကြည့်ပြီး စားချင်တာစားရတာကို ပျော်နေတာ၊ ဒီပွဲပြီးရင်တောင် လွမ်းစရာဖြစ်နေဦးတော့မယ်"။

သမီး၏စကားကြောင့် ထမင်းဆိုင်ရှင်တို့ကလည်း ကျေနပ်ပြုံးပျော်နေကြသည်။ ပြပွဲကို လာရောက်ကြသည့် သွေးချင်းညီအစ်ကိုမောင်နှမများကလည်း ရွှင်မြူးနေကြသည်။ တိုင်းရင်းသားအက အလှအဖွဲ့ဝင်များကလည်း မမောနိုင်မပန်းနိုင် ဖျော်ဖြေပေးနေကြရာ လာရောက်အားပေးသူ ပြည်သူများဖြင့် အထူးစည်ကားလှပေသည်။

"ဦးက မော်လမြိုင်ဇာတိလားဟင်"။

"မဟုတ်ပါဘူးကွယ် ရန်ကုန်ဇာတိပါ"။

သမီးနှင့် ရွယ်တူလောက်ရှိမည့် ယောကျ်ားလေးတစ်ဦး၏ စကားသံကြောင့် သောက်လက်စ ဟင်းချိုဇွန်းကိုချလိုက်ကာ အသံလာရာသို့ကြည့်ကာ ပြန်ပြောလိုက်သည်။ ကျွန်တော့်အသံက တုံးတိတိ ဖြစ်သွားရသော်လည်း တစ်ဖက်က စကားသံကတော့ ဆက်လက်ထွက်လာပြန်သည်။

"ဟို...ဥာနက ဦးဝင်းဝင်းမောင်ပါလားခင်ဗျာ"။

"ဟုတ်ပါတယ်ကွယ်။ မောင်ရင်က ..."။

ကျွန်တော်၏ စကားမဆုံးခင်မှာပင်မြင်လိုက်ရသည့် မျက်ဝန်းတစ်စုံကြောင့် စကားတို့က ရပ်တန့်သွားရသည်။ ကျွန်တော့်မျက်လုံးများကိုပင် ကျွန်တော်မယုံနိုင်ဖြစ်ရတော့သည်။ ကျွန်တော့်စားပွဲဝိုင်းသို့ တန်းတန်းမတ်မတ် လျှောက်လာနေသူသည် တစ်ချိန်က ကျွန်တော်၏ "မုန်း"ပင်။ မုန်းမှ မုန်းအစစ်ဟူသည့်အတွေးများက တစ်ခဏအတွင်းမှာ ယောက်ယက်ခတ်သွားရသည်။

"ခင်မိမိမုန်း၊ ဟုတ်ပါတယ်နော်"။

ကျွန်တော်ဦးစွာနှုတ်ဆက်လိုက်သည်။ မုန်းက အပြုံးဖြင့် သက်သေပြရင်း ကျွန်တော်တို့ ထမင်းဝိုင်းသို့ ရောက်လာသည်။ မုန်းတို့ သားအမိဟု ထင်သည်။ ကျွန်တော် ဖော်ရွေစွာဖိတ်ခေါ်လိုက်သည်။

" ထိုင်ပါ – ထိုင်ကြပါ" ။

ကျွန်တော်၏ လှိုက်လှိုက်လှဲလှဲနှုတ်ဆက်မှုကြောင့် သမီးကလည်း အလိုက်သင့်အပြုံးဖြင့် နှုတ်ဆက်ရှာသည်။ ချက်ချင်းပင် သမီးနှင့် မိတ်ဆက်ပေးလိုက်တော့သည်။

"သမီးရေ မုန်းက တက္ကသိုလ်တုန်းက ဖေဖေ့သူငယ်ချင်းလေ။ မွန်တိုင်းရင်းသူပေါ့။ မတွေ့ကြတာ ကြာပါပြီကွယ်။ ကိုယ့်ရဲ့ တစ်ဦးတည်းသောသမီးလေးပါ။ 'ခင်ဦးမုန်း' တဲ့။ ခုတော့ နေပြည်တော်မှာပဲနေကြတယ်" ။

"ရှင်– ဟုတ်လား။ မုန်းတို့လည်း နေပြည်တော်မှာနေကြတာပဲ။ မတွေ့ကြဘူးနော်။ တွေ့မယ့်တွေ့တော့ စိန်ရတုပြည်ထောင်စုပွဲကာလမှာ ပြန်တွေ့ကြရတယ်နော်။ ဆိုင်ထဲကို ဝင်လာကတည်းက တွေ့တယ်၊ တူပါတယ်ဆိုပြီး ကြည့်နေတာ၊ မနေနိုင်တာနဲ့ တူလေးကို မေးခိုင်းလိုက်ရတာ၊ တူလေးနာမည်က မောင်မိုးဦးတဲ့" ။

မုန်း၏စကားသံတို့က ပဲ့တင်ထပ်သွားသည်။ မုန်း၏စကားတို့က ကျွန်တော့်ရင်ကို ဆွဲကိုင်လှုပ်ရမ်းပစ်လိုက်တော့သည်။ တကယ်တော့ တစ်ဦးတည်းသောသမီးလေးဟာ ကျွန်တော်၏တစ်ဦးတည်းသော အစ်မဖြစ်သူ၏ သမီးလေး။ လသားသမီးအရွယ်ကလေးမှာပဲ မိဘနှစ်ပါးစလုံးကို ဆုံးရှုံးလိုက်ရခြင်းကြောင့် အပြီးအပိုင် မွေးစားထားခဲ့ရသည်။ အခုအချိန်အထိ သမီးလေးက ကျွန်တော့်ကိုဖခင်အရင်းဟုသာ သိရှာသည်။

"သမီး ခင်ဦးမုန်းရေ သမီးမေမေရော မပါဘူးလားကွဲ့"။

"မေမေက သမီးငယ်ငယ်လေးကတည်းက ဆုံးသွားတယ်အန်တီ" ။

သမီးက ပေါ့ပေါ့ပါးပါး ပြန်ပြောလိုက်သော်လည်း မုန်းက အားတောင့်အားနာဖြစ်သွားရသည်။ စိတ်မကောင်းသည့်အရိပ်က မုန်း၏မျက်နှာမှာ ပေါ်လွင်နေတော့သည်။

"ဩော်– ဖြစ်မှဖြစ်ရလေကွယ်" ။

"ခွင့်လွှတ်ပါ မုန်းရယ်။ မပြောတော့ဘူးလို့ တွေးထားခဲ့ရတဲ့ ကိုယ့်ဘဝဇာတ်ကြောင်းကို မဝေးတော့တဲ့တစ်နေ့တော့ ပြန်ပြောဖြစ်တော့မှာပါ။ နှစ်ပေါင်းများစွာ ဝေးကွာနေကြပြီး ရင်ခုန်သံတွေ ရပ်တန့်နေပြီးခါမှ အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာရပါပေါ့လားကွယ်" ။

ရင်ထဲမှာပဲပြောဖြစ်လိုက်သည့် ကျွန်တော်၏ စကားများပင်ဖြစ်သည်။ ရင်တွင်းခံစားချက်စကားများ လည်ချောင်းဝမှာ တစ်ဆို့ပျောက်ကွယ်သွားရအောင် မနည်းမျိုချ နှစ်သိမ့်လိုက်ရသည်။ မုန်းတို့နှုတ်ဆက်ထွက်ခွာသွားသည့်တိုင် ကျွန်တော်၏ ရင်မှာ လှုပ်ခုန်နေဆဲပင်။ သမီးလေးမရိပ်မိအောင် မနည်းကို ထိန်းသိမ်းနေလိုက်ရသည်။ မုန်းပေးခဲ့သည့် လိပ်စာကတ်လေးကို တိုက်ပုံအိတ်ကပ်ထဲသို့ ထည့်လိုက်မိပေမယ့် သမီးအလစ်မှာ မသိမသာ စမ်းကြည့်နေမိလေတော့သည်။ ။

■

# တိုင်းရင်းသားရိုးရာပုံပြင်များ

အမ်းမ်လောင်ရှီ

**"သီးနှံအစ ကော့ပ်ငှက်က"**

ချင်းလူမျိုးတို့သည် အောက်ချင်းငှက်ကို အမျိုးသားသင်္ကေတအဖြစ် သတ်မှတ်သုံးစွဲကြပါ၏။ ထိုသို့သတ်မှတ်ခြင်းနှင့် ပတ်သက်၍ အောက်ချင်းငှက်၏ ထူးခြားသော၊ ပြောစမှတ်တွင်သော၊ မှတ်သား အတုယူဖွယ်ကောင်းသော အကြောင်းခြင်းရာများကို ချင်းမျိုးနွယ်စုအသီးသီးက ပြောဆိုလေ့ရှိကြရာ ယခုတင်ပြမည့် ချိုချင်းပုံပြင်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါ၏။

ရှေးအခါက လူသားတို့သည် အတည်တကျနေထိုင်၍ စိုက်ပျိုးမွေးမြူကာ အသက်မွေးဝမ်းကျောင်းသော အလေ့အထ မရှိခဲ့သေးပေ။ ရွှေ့ပြောင်းသွားလာကာ တောကောင်များကို အမဲလိုက်ခဲ့ကြ၏။ အလေ့ကျပေါက်သော အသီးအရွက်များကို ရှာဖွေစားသောက်ခဲ့ကြ၏။ ထို့နောက် အောက်ချင်းငှက်၏ အလျော်ပေးလမ်းပြမှုကြောင့် သီးနှံများစိုက်ပျိုးစားသောက်ကာ အတည်တကျနေထိုင်လာခဲ့ကြောင်း ဤပုံပြင်ကဆို၏။



ရှေးအခါက လှျိုမြောင်စိမ့်စမ်းပေါများလှသော ချင်းတောင်တန်းတစ်နေရာရှိ ချောင်းဘေးတစ်ခုတွင် ဖြစ်လေသည်။ ချိုချင်းစကားဖြင့် ကော့ပ်ခေါ် ဝကောက် (Vakok) ဟုခေါ်သော အောက်ချင်းငှက် တစ်ကောင်သည် ချောင်းဘေးရှိ ကျောက်ပြင်တစ်ခုတွင် ခေါသွေးလျက် အောက်ပါအတိုင်း သီချင်းတကြော်ကြော် အော်ဆို၍နေလေ၏။

(+) သတ္တဝါများ ငါသတ်ပြောအံ့ ခေါ်ရေထက်စမ်း ထက်လိုက်စမ်း

(+) ရှဉ့်အကောင်လည်း သတ်မှာပဲလေ ခေါ်ရေထက်စမ်း ထက်လိုက်စမ်း

(+) မျောက်တွေကိုမှ အသေယူမယ် ခေါ်ရေထက်စမ်း ထက်လိုက်စမ်း

(+) သမင်ဒရယ်သတ်ဦးမယ် ခေါ်ရေထက်စမ်း ထက်လိုက်စမ်း

(+) ကျားနဲ့ဆင်များ သေကာသွားမယ် ခေါ်ရေထက်စမ်းထက်လိုက်စမ်း

ထိုသီချင်းဆိုသံမှာ အလွန်အောင်မြင်ခန့်ညား၍ အားမာန်ပါလှ၏။ ထိုသီချင်းသံကို ချောင်းဘေးရှိ ရေသဖန်းပင်ပေါ်တွင် သဖန်းသီးစားနေသော မျောက်တစ်ကောင်က ရုတ်တရက်ကြားလိုက်ရ၏။ ကြောက်လန့်တုန်လှုပ်ပြီး ချက်ချင်းခုန်ပေါက် ပြေးလွှားသွားလေသည်။ ထိုအခါ မျောက်သည် သဖန်းသီးများကို တက်နင်းမိသောကြောင့် သဖန်းသီးများ အောက်သို့ ကြွေကျကြလေ၏။ သဖန်းသီးတစ်လုံးသည် ရေသဖန်းပင်အောက်တွင် အစာယက် အစာရှာနေသော ချင်းလို (သှာ)ဟု ခေါ်သော ငှက်တစ်မျိုးကို အရှိန်ဖြင့် သွားထိမိလေသည်။

သှာ ငှက်သည် ထိတ်လန့်ပြီး သူ့ခြေဖြင့် ကုတ်ခြစ်လိုက်ရာ အနီးရှိ ချင်းလို ဖြုန်းတီဟုခေါ်သော ရထားပိုးကောင်အား သွားထိမိ၏။

ဖြုန်းတီသည် လန့်ဖျတ်ထခုန်ကာ ကိုက်မိကိုက်ရာကို ကိုက်လိုက်ရာ အနီးရှိ တောဝက်၏လိင်အင်္ဂါကို ကိုက်မိလေ၏။

တောဝက်သည် လန့်ပြီးထွက်ပြေးရာ ပြေးလမ်းရှိ ကျောက်တုံးကြီးတစ်ခုကို အရှိန်ဖြင့် တိုက်မိလေ၏။ ကျောက်တုံးကြီးသည် တောင်အောက်သို့အရှိန်ဖြင့် တလိမ့်လိမ့်ဆင်းသွားရာ ချောင်းတစ်ခုတွင် တပ်ဆင်ထားသော ဝါးရေတံလျှောက်ကို အရှိန်ဖြင့် တိုက်မိလေသည်။

ဝါးရေတံလျှောက်သည် ရေတံလျှောက်မှ ကျဆင်းလာသော ရေများအောက်၌ ရေချိုးနေသော အလွန်ချောမောလှပသော လူသားမိန်းမပျိုအား အရှိန်ဖြင့် ထိုးဖောက်လိုက်ရာ ထိုမိန်းမပျိုမှာ ဗိုက်ပေါက်အူထွက်ကာ သေဆုံးသွားလေ၏။

လူသားတို့သည် လူသားမိန်းမပျို သေဆုံးသွားခြင်းကြောင့် အလွန်ဒေါသထွက်ကြလေ၏။ ထို့ကြောင့် လူသားမိန်းမပျိုအား အရှိန်ဖြင့် ထိုးဖောက်သတ်လိုက်သော ရေတံလျှောက်ထံသွားကာ

"အို --အသင်ရေတံလျှောက်၊ သင့်ကြောင့် ကျွန်ုပ်တို့၏ အဖိုးတန်မိန်းမပျို သေဆုံးခဲ့ရလေပြီ။ ငါတို့ကို အလျော်ပေးလော့" ဟု ဆိုကြလေသည်။ **စာမျက်နှာ ၂၁ သို့** ✪

# တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းများ

**................. တက္ကသိုလ်သျှင်ရတနာ .................**

## ရှမ်းရိုးရာစကားထာ

ရှေးလွန်လေပြီးသောအခါက ဖြစ်သည်။

ရာမညတိုင်းအတွင်း ကျေးလက်တောရွာတစ်ရွာမှ သူငယ်ချင်းနှစ်ဦးဖြစ်သည့် ဗညားနှင့် လဂွန်းအိမ်တို့သည် ရွာဦးကျောင်းရှိ မွန်တိုင်းရင်းသားဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစား ပညာသင်ယူနေကြသူများဖြစ်သည်။

အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်း၏ တောင်ဘက် မန်ကျည်းပင်ကြီးအောက်တွင် သူငယ်ချင်းနှစ်ဦး ဆော့ကစားလေ့ရှိသည်။

"လဂွန်းအိမ်ရေ ဉာဏ်စမ်းကစားကြရအောင် အချိန်ကျပြီ"။

"ကောင်းသားပဲ ဗညားရေ" ။

ဗညားက မန်ကျည်းပင်ကြီးအောက်တွင် ဖင်ထိုင်ချလိုက်ရင်း ပြောလိုက်ရာ လဂွန်းအိမ်က ပြန်လည်ပြောလိုက်ခြင်းဖြစ်သည်။

"ခုပဲမေးမယ်နော်၊

'ကျောက်ပေါက်မာနှင့် ကြက်တောင်စည်း' ဆိုတာ ဘာကိုပြောတာလဲ"။

"တကယ်ကြီးကို မေးခွန်းထုတ်လိုက်တာလား ဗညားရေ၊ နည်းနည်းတော့ စဉ်းစားပါရစေဦးနော်"။

"ဟင်း ဟင်း ဟင်း ရပါတယ်၊ စဉ်းစားပါသူငယ်ချင်းရာ၊ သိပ်တော့မကြာစေနဲ့ပေါ့" ။

လဂွန်းအိမ်က အဖြေကိုရရှိနေပေမယ့် ဗညား၏ စိတ်ကိုစမ်းသပ်လိုခြင်းကြောင့် တမင်ပြောလိုက်ခြင်းဖြစ်သည်။

"ဟူး..၊ ဗညားရာ မင်းရဲ့မေးခွန်းက အတော်ခက်တာပဲ မနည်းစဉ်းစားနေရတယ်။ ခဏနော် သူငယ်ချင်း" ။

"လဂွန်းအိမ်ရေ အချိန်က သိပ်မကျန်တော့ဘူးနော်။ အချိန်စေ့တော့မယ်။ စဉ်းစားမရတော့ရင် ပန်းပေးလိုက်ပေ့ါ။ အဖြေကတော့ ရှိပြီးသားနော်"။

ဗညား၏စကားအဆုံးမှာ လဂွန်းအိမ်က ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောသည်။

"သိသလောက်ပဲ ဖြေလိုက်တော့မယ်ကွာ၊ သူငယ်ချင်းမေးတာက 'ကျောက်ပေါက်မာနှင့် ကြက်တောင်စည်း' ဆိုတော့ အဟမ်း၊ အဟမ်း . .။ အဖြေက 'နာနတ်သီး'မဟုတ်လား၊ ရှမ်းတိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းလေ"။

လဂွန်းအိမ်၏ အဖြေစကားကြောင့် ဗညားတစ်ယောက်မျက်လုံးပြူးသွားရတော့သည်။

"ငါမေးရမယ့်အလှည့် ရောက်ပြီပေ့ါ။ ဒါနဲ့ ငါဖြေတဲ့အဖြေ မှန်၊ မမှန်ကို ပြောဦးလေကွာ" ။

"သူငယ်ချင်းဖြေလိုက်တဲ့ အဖြေကမှန်ပါတယ်။ သူငယ်ချင်းမေးရမယ့် အလှည့်ပဲလေ"။

"ဒါဆို မေးပြီနော်၊

'ကြက်ဖနီ လည်ပင်းစွပ်' ဆိုတာဘာလဲ ပြောပြပေးပါဦး ဗညားရာ" ။

ဗညားတစ်ယောက် တဖျင်းဖျင်းမြည်အောင် ခေါင်းကိုကုတ်လိုက်သည်။ ပြီးနောက် ဘုန်းကြီးကျောင်းနံရံတွင်ရှိသော သောက်ရေအိုးစင်ရှိရာသို့ လျှောက်သွားပြီး သောက်ရေတစ်ခွက် မော့သောက်လိုက်သည်။

"အဖြေကတော့ ခပ်ရေးရေးပေါ်နေပါပြီ၊ သေချာအောင် ထပ်စဉ်းစားလိုက်ဦးမယ်"။

လဂွန်းအိမ်အနီးသို့ ပြန်လျှောက်လာရင်း ဗညားကလှမ်းပြောသည်။ လဂွန်းအိမ်က ခေါင်းတဆတ်ဆတ် ညိတ်ကာ ပြန်ပြောလိုက်သည်။

"အဖြေနီးစပ်ပြီဆိုလို့ ဝမ်းသာပါတယ်။ အချိန်တော့ သိပ်မကြာစေနဲ့နော်"။

"မကြာပါဘူးသူငယ်ချင်းရာ၊ ခုပဲဖြေလိုက်ပါတော့မယ်။ အဖြေကတော့ 'ငှက်ပျောဖူးနီပေ့ါ'၊ ရှမ်းတိုင်းရင်းသား ရိုးရာစကားထာ ဉာဏ်စမ်းအတွဲကပါပဲ"။

"မှန်ပါတယ် ဗညားရေ၊ မှန်ပါတယ်"။

"ငါမေးရမယ့် အလှည့်ပြန်ရောက်ပြီနော်"။

"မေးစေဗျာ၊ မေးစေ"

ဗညား၏စကားကို လဂွန်းအိမ်က ပေ့ါပေ့ါပါးပါးပင် ပြန်ပြောလိုက်သည်။

'တစ်နှစ်တစ်ခါပေါ်လို့လာ၊ ဝါဝါခေါင်းတုံး လူမမုန်း' ဆိုတာလည်း ဖြေကြည့်ပါဦး လဂွန်းအိမ်ရာ"။

"ရပါတယ်ဗညားရာ သူငယ်ချင်းရဲ့အမေးကို ချက်ချင်းဖြေလိုက်ပါ့မယ်။ ဒီမေးခွန်းက ပိုလွယ်သွားတယ်ထင်တယ်၊ မှန်တာမမှန်တာတော့ သူငယ်ချင်းဆုံးဖြတ်ပေ့ါ"။

အဖြေကား 'လိမ္မော်သီး' ဖြစ်ပါတယ်။ ရှမ်းတိုင်းရင်းသားရိုးရာ စကားထာတွေထဲက "အသီးအနှံအုပ်စုလာ စကားထာဉာဏ်စမ်းပေ့ါ ဗညားရာ"။

"ဝိုး.. အဖြေက ရာနှုန်းပြည့် မှန်ပါတယ် သူငယ်ချင်း" ။

ထိုအချိန်တွင် နာရီသံချောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာရာ ဘုန်းကြီးကျောင်းဘက်သို့ ဗညားနှင့် လဂွန်းအိမ်တို့ သူငယ်ချင်းနှစ်ဦး အပြေးတစ်ပိုင်းဖြင့် ထွက်သွားကြတော့သည်။ ။

■

# ချင်းလူမျိုးဆိုင်ရာ ဟာသများ

**ဆလိုင်းရွှေလင်း**

## ဘုန်းကြီးသီချင်း ဆိုပြပါ

၁၉၆၀ လောက်က ချင်းတောင်တန်းနယ်တွင် ရွာတစ်ရွာ၌ သာသနာပြုနေသော ရဟန်းတစ်ပါး ရှိ၏။ အနီးဝန်းကျင်ရှိ ချင်းရွာ ၁၀ ရွာမှ ကျောင်းသားများသည် ကျောင်းအိပ်ကျောင်းစား ပညာလာသင်ကြ၏။

တစ်နေ့တွင် ဘုန်းကြီးက ကျောင်းသား (ထန်း) အား လှန်းထားသော သင်္ကန်းကိုရုပ်စေ၏။ (ထန်း) သည် သင်္ကန်းကိုခြုံလာပြီး သူငယ်ချင်းများအား ပြောလိုက်သည်။

"ငါ ဘုန်းကြီးဖြစ်ပြီ။ မင်းတို့ ငါ့ကိုရှိခိုးကြစမ်း"

ထိုအခါ (လိန်း ) ဆိုသူပြောလိုက်သောစကားကြောင့် ဘုန်းကြီးလည်း ပြုံးစိစိဖြစ်သွားတော်မူလေသည်။ ပြောလိုက်သည်ကား

"အဲဒါဆို ဘုန်းကြီးသီချင်းဆိုပြလေ"

ဘုန်းကြီးက ပရိတ်ဂါထာများရွတ်ဖတ်ပူဇော်သည်ကို ထိုကလေးများက သီချင်းဟု ထင်နေကြခြင်းဖြစ်သည်။

## မင်းနဲ့ ဘာဆိုင်လဲ

အဘိုး ဦးရွှီထန်းသည် သူ့မွေးနေ့ကိုသူ မသိပါ။ မွေးဖွားခဲ့စဉ်က မိဘဆွေမျိုးများက မှတ်မပေးထားခြင်းကြောင့်ဖြစ်သည်။

အုပ်စုစာရေး ကိုအောင်လောက သူ့အသက်ကို မေးရာ (၇၅) နှစ်ဟုဖြေခဲ့သည်။

နောက် သုံးနှစ်ခန့်ကြာသောအခါ ကိုအောင်လော ထပ်မေးရာ (၇၅) ဟုပဲ ဖြေသည်။

ကိုအောင်လောက ဆို၏။

"မဖြစ်နိုင်ဘူး အဘိုး။ လွန်ခဲ့တဲ့ သုံးနှစ်က (၇၅) နှစ်ပဲဆို။ ခု (၇၈) နှစ် ဖြစ်ရမှာလေ"

ဦးရွှီထန်းပြန်ပြောသောစကားကြောင့် မြို့ပေါ်မှလာသူ ဝန်ထမ်းများ ရယ်မောကြလေသည်။ သူပြောသည်ကား

"ငါ့အသက် ငါနဲ့ပဲဆိုင်တာ။ မင်းနဲ့ဘာဆိုင်လို့လဲ"

## ရောဂါ

တောင်တန်းသာသနာပြု ရဟန်းနှစ်ပါး မောမောနဲ့မင်းတပ်မြို့မှ ပြန်ကြွလာကာ လမ်းခရီးရှိ တောင်ယာအိမ်သို့ ရောက်လာကြသည်။

နေ့ဆွမ်းစားချိန်ဖြစ်၍ ဆာလည်းဆာနေကြသည်။

ဦးအွမ်က ဆွမ်းကပ်ပြီးပြောလိုက်သောစကားကြောင့် ဘုန်းကြီးနှစ်ပါးလည်း ပြုံးစိစိဖြစ်သွားကြသည်။

"ဘုန်းကြီးတို့ ဆာတဲ့ရောဂါဖြစ်နေပြီလား။ မင်းတပ်မြို့ပေါ်သွားရင် ကိုယ့်ရွာမှာလို မဟုတ်လို့ တပည့်တော်တော့ ဆာတဲ့ရောဂါတော်တော်ဖြစ်တယ်။ မသွားချင်ဘူး"

မှတ်ချက်။ ဘုန်းကြီးတစ်ပါးက နောင်တွင်ပြောပြသည်မှာ "ဗုဒ္ဓတရားတော်မှာ ဆာလောင်ခြင်းဟာ ရောဂါတစ်မျိုးဆိုပြီးပါတယ်။ ဒီ ချင်းဒကာကြီးဟာ တရားတော်မသင်ဖူးပေမယ့် တရားတော်နဲ့ညီအောင် ကြံဆပြောဆိုတတ်တာ ချီးကျူးစရာ"

## မြွေဖမ်းမယ့်လက်

(ခေါဂေ) သည် မိန်းမလိုချင်သော်လည်း စုထားဆောင်းထားတာမရှိ၍ ခက်နေသည်။

အလွန်ရင်းနှီးသော သူ့သူငယ်ချင်း (ဘူ )ထံမင်္ဂလာကြေးပေးရန် ငွေအတော်များများချေးငှားရသည်။

(ဘူ )က ရင်းနှီးသူမို့ ဤသို့စလိုက်ရာ ခေါဂေမှာငိုရအခက် ရယ်ရအခက် ဖြစ်သွားသည်။

"ချင်းစကားပုံ ရှိတယ်ကွ။ သူများလက်နဲ့ မြွေဖမ်းချင် ဆိုတာလေ။ မင်းက ငါ့လက်နဲ့ မြွေဖမ်းချင်တာ။ မြွေကို တကယ်ကိုင်ခွင့်ရမှာက ငါ့လက်နော်"

❂ စာမျက်နှာ ၂၀ မှ

ရေတံလျှောက်က "ကျွန်ုပ်သည် သင်တို့၏ လူသားမိန်းမပျိုအား ထိုးသတ်ချင်၍ ထိုးသတ်ခြင်းမဟုတ်ပါ။ ကျောက်တုံးက ငါ့အားအရှိန်ပြင်းစွာ တိုက်သောကြောင့်သာ ထိုးမိခြင်းဖြစ်ပါသည်။ ကျောက်တုံးထံသို့သာ အလျော်တောင်းကြပါလော့" ဟုဆို၏။

ထိုအခါ လူသားတို့သည် ရေတံလျှောက် ပြောစကားမှာ အကျိုးသင့် အကြောင်းသင့်ဖြစ်သည် ယူဆ၍ ကျောက်တုံးကြီးထံသွားကာ အလျော် တောင်းကြပြန်လေ၏။ ကျောက်တုံးကြီးက တောဝက်အပြစ်သာဖြစ်ကြောင်း ရှေးနည်းတူပြောပြန်လေ၏။

ဤသို့ဖြင့် တောဝက်က ရထားပိုးကောင်၊ ရထားပိုးကောင်က သုာငှက်၊ သုာငှက်က မျောက်၊ မျောက်က ကော့ပ်ငှက် စသဖြင့် အဆင့်ဆင့်အပြစ်ပုံချကြလေ၏။ ကော့ပ်ငှက်က လူသားတို့အားဆို၏။

"ကျွန်ုပ်ကြောင့် လူသားမိန်းမပျိုသေဆုံးရသည်မှာ ဧကန်စင်စစ်အမှန်ဖြစ်၏။ ကျွန်ုပ်အပြစ်ပေတည်း။ မစိုးရိမ်ကြကုန်လိမ့်။ အလျော်ပေးအံ့"

ထို့နောက် ကော့ပ်ငှက်(အောက်ချင်းငှက်)သည် ခြမ်း-လမ်း-ကွာ ဟု အော်မြည်ကာ နေထွက်ရာ အရှေ့ဘက်သို့ ပျံသန်းသွားလေ၏။

မကြာမီ ကော့ပ်ငှက်သည် ချင်းလို ဘွင်းဟုန်ဟုခေါ်သော ဆတ်ဆန်စေ့ကို ယူလာကာ လူသားတို့အားပေး၏။

ထို့နောက် ကော့ပ်ငှက်(အောက်ချင်းငှက်)သည် ခြမ်း-လမ်း-ကွာ ဟု အော်မြည်ကာ နေဝင်ရာ အနောက်ဘက်သို့ ပျံသန်းသွားပြန်၏။ မကြာမီ ကော့ပ်ငှက်သည် ချင်းလို ဘွင်းသာဟုခေါ်သော ပြောင်းဆန်စေ့ကို ယူလာကာ လူသားတို့အားပေး၏။ ပြီးနောက် ဤသို့ဆို၏။

"အသင်လူသားတို့ ဤမျိုးစေ့ နှစ်စေ့ကို မျိုးချစိုက်ပျိုး၍ စားသုံးကြလော့။ အချိန်မလပ် ပင်ပန်းစွာ လှည့်လည်သွားလာကာ ရှာဖွေစားသုံးကြခြင်းကို မပြုကြနှင့်တော့။ စိုက်ပျိုးကာ မြို့ရွာအတည်တကျဖြင့် သက်သာအေးချမ်းစွာ စားသောက်နေထိုင်ကြပါလေ။ မျိုးစေ့နှစ်ခုကိုပမာထား၍ အခြားသောမျိုးစေ့များကိုလည်း ရှာဖွေစိုက်ပျိုးစားသုံးကြလော့"။

ဤသို့ပြောဆိုကာ ကော့ပ်ငှက် (အောက်ချင်းငှက်)သည် "ခြမ်း-လမ်း-ကွာ" ဟု အော်မြည်ကာ လူသားတို့အား နှုတ်ဆက်ကာ ထွက်ခွာပျံသန်းသွားတော့၏။ ထိုအချိန်မှစ၍ လူသားတို့ဘဝတွင် စိုက်ပျိုးရေးစနစ်များ စတင်ပေါ်ပေါက်လာသည်ဟူသတဲ့။ တောင်တန်းမြေတစ်ဝန်းတွင် ကော့ပ်ငှက်၏ ခြမ်း-လမ်း-ကွာ ဟူသော အော်မြည်သံကြားရလေတိုင်း ဤပုံပြင်ကို ချင်းမိဘဘိုးဘွားများက သားမြေးမြစ်တို့အား ပြောပြကြမြဲဖြစ်သည်။ ။

**(ချိုချင်းပုံပြင်များအား အလေးထား ပြောပြခဲ့သော ကွယ်လွန်သူ မိခင်ကြီး ဒေါ်လှူးဟုန်းအား ရှိခိုးကန်တော့လျက်--)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၄၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၈ ဒသမ ၉၈ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၁၆-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာ ဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၀,၄၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၇၄၀) တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၈.၉၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၇၇၄,၉၆၅) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၅၃,၅၆၄) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၀၈) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၂၀,၀၉၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၄)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၅-၂-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၃,၁၅၄,၅၇၄) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၂၀,၃၇၈,၄၄၅) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၇၇၆,၁၂၉) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၅-၂-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၄၃,၅၃၃,၀၁၉) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်အကြိမ်ပြည့် ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၆-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၉၄၈) ခု | (၂၇၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၅၆) ခု | (၃၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၁) ခု | (၄၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၅) ခု | (၁၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၂၀) ခု | (၂၇၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၆၆၈) ခု | (၃၅၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၃,၆၁၉) ခု | (၁,၇၄၁) ဦး |
| စုစုပေါင်း | (၃၀,၄၉၇) ခု | (၂,၇၄၀) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ
(၁၅-၂-၂၀၂၂)

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၂,၇၇၆,၁၂၉) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၀,၃၇၈,၄၄၅) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၃,၁၅၄,၅၇၄) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၃,၅၃၃,၀၁၉) ကြိမ် |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၉၆၃၉၉၃၄ | ၅၀၅၆၅၀၄၇ | ၉၄၉၂၆၉ |
| ၂။ | အိန္ဒိယ | ၄၂၇၂၃၅၅၈ | ၄၁၈၄၃၄၄၆ | ၅၀၉၉၀၃ |
| ၃။ | ဘရာဇီး | ၂၇၆၆၄၉၅၈ | ၂၄၂၅၂၅၃၄ | ၆၃၉၈၂၂ |
| ၄။ | ပြင်သစ် | ၂၁၈၇၇၅၅၅ | ၁၇၅၉၄၉၇၇ | ၁၃၅၅၇၉ |
| ၅။ | ဗြိတိန် | ၁၈၃၉၃၉၅၁ | ၁၆၂၅၄၉၀၀ | ၁၅၉၈၃၉ |
| ၆။ | ရုရှား | ၁၄၆၅၉၈၈၀ | ၁၁၆၄၃၃၉၃ | ၃၄၂၃၈၃ |
| ၇။ | တူရကီ | ၁၃၀၇၉၆၈၃ | ၁၂၁၆၂၉၇၉ | ၉၁၁၁၇ |
| ၈။ | ဂျာမနီ | ၁၂၆၉၂၀၄၂ | ၉၁၅၃၁၀၀ | ၁၂၀၉၂၄ |
| ၉။ | အီတလီ | ၁၂၂၀၅၄၇၄ | ၁၀၅၀၃၃၈၀ | ၁၅၁၆၈၄ |
| ၁၀။ | စပိန် | ၁၀၇၀၇၂၈၆ | ၇၉၉၆၄၄၀ | ၉၆၉၀၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၉၆၆၀၄၆ | ၄၃၇၅၂၃၄ | ၁၄၅၆၂၂ |
| ၂။ | ဖိလစ်ပိုင် | ၃၆၄၄၅၉၇ | ၃၅၂၀၅၄၅ | ၅၅၂၂၃ |
| ၃။ | မလေးရှား | ၃၀၈၃၆၈၃ | ၂၈၆၈၅၃၈ | ၃၂၁၈၀ |
| ၄။ | ထိုင်း | ၂၆၃၉၀၆၂ | ၂၄၇၈၂၅၁ | ၂၂၅၁၉ |
| ၅။ | ဗီယက်နမ် | ၂၆၀၆၈၂၄ | ၂၂၄၉၁၅၅ | ၃၉၁၈၈ |
| ၆။ | မြန်မာ | ၅၅၃၅၆၄ | ၅၂၀၀၉၂ | ၁၉၃၁၈ |
| ၇။ | စင်ကာပူ | ၄၉၇၉၉၇ | ၄၅၀၈၁၅ | ၉၁၃ |
| ၈။ | လာအို | ၁၄၀၀၃၀ | ၁၃၆၀၂၄ | ၆၀၂ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၄၃၄၃ | ၁၁၉၃၅၃ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၂၅၅၈၄ | ၁၇၉၇၀ | ၉၈ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ဦးအောင်ခန့်သည် သီးခြားနေခွင့်မရတော့။ လူအများနှင့် ရောနှောနေရသည်။

အခန်းမှာ ကျဉ်းမြောင်းလှသည်။ အခန်းနှင့်မမျှအောင် လူကများပြားသည်ဖြစ်ရာ အချင်းချင်း အတိုးတိုး အဝှေ့ဝှေ့ အကျပ်ကျပ် အညပ်ညပ် ဖြစ်နေသည်။ အနံ့အသက်များ နံစော်နေသည်။ ဆောင်းကာလဖြစ်သော်လည်း ခြံုစရာ စောင်မျှမရှိ။ အခင်းမှာ ကောက်ရိုးဖြစ်သည်။

ရိုက်နှက်ညှဉ်းပန်းထားသောဒဏ်ရာများမှာ ရင်းလှသည်။ ဆေးထည့်ခွင့်မရ။ တစ်ဖက်မှသည် တစ်ဖက်သို့ပင် မလှည့်နိုင်။ အသည်းခိုက်အောင် နာကျင်ခြင်းဝေဒနာကို ခံစားနေရသည်။

ဦးအောင်ခန့်သည် ဂျပန်များကို နာကြည်းရသည်ထက် ဦးကောင်းမိုးအပေါ် ပိုမိုနာကြည်းသည်။ ဂျပန်များကိုမုန်းတီးရသည်ထက်ဦးကောင်းမိုးကို ပိုမိုမုန်းတီးသည်။ စင်စစ် သည်အဖြစ်အားလုံးကို ဖန်တီးပေးခဲ့သူမှာ ဦးကောင်းမိုးသာဖြစ်သည်ဟု အထင်ရောက်သည်။

မိမိတစ်ဦးတည်းကသာ ထိုသူအပေါ် မုန်းတီး နာကြည်းနေသည် မဟုတ်။ လူအတော်များများကလည်း ဦးကောင်းမိုးနှင့်ပတ်သက်၍ ထိုသို့ပင် ခံစားနေကြရကြောင်း တွေ့ရှိရသည်။

အချို့က ဆိုသည်။

"ဒီလူက အတော်လူမဆန်တဲ့လူပဲဗျာ။ ကိုယ့်ဗမာအချင်းချင်း သက်ညှာရကောင်းမှန်းတောင် မသိတော့ဘူးထင်တယ်။ အားလုံး ဂျပန်တွေအလိုကျလိုက်လုပ်ပေးနေတာပဲ။ ဂျပန်တွေအတွက် ဗမာမိန်းကလေးတွေ ရှာပေးတယ်။ အရက်ရှာပေးတယ်။ ဂျပန်ကမသင်္ကာလို့ အဖမ်းခံရတဲ့လူဆိုရင် သူနဲ့တည့်မှ၊ ဒါမှမဟုတ် သူ့ကို လာဘ်ထိုးနိုင်မှ လွတ်တယ်။ နို့မဟုတ်ရင်တော့ အဲဒီလူ မသက်သာတော့ဘူးသာမှတ်"

အချို့က ကြုံးဝါးသည်။

"ကျုပ်တို့တစ်တွေ လွတ်ခဲ့ရင် ဒီလူတော့ မလွယ်ဘူးသာမှတ်။ ဒီမှာခံစားရသလို သူလည်း ခံစားရမှာအမှန်ပဲ။ အတုံ့အလှည့်ဆိုတာ တစ်နေ့တော့ ကြုံရဦးမှာပေါ့ဗျာ"

ယင်းသို့ဖြင့် ယနေ့ပါနှင့်ဆိုလျှင် ဦးအောင်ခန့် အချုပ်ခံရသည်မှာ ခုနစ်ရက်တာမျှ ရှိခဲ့ပြီ။ လောကငရဲသို့ ရောက်ခဲ့ရသည်မှာ ခုနစ်ရက်တာမျှ ရှိပြီဟူ၍လည်း ဆိုနိုင်သည်။

ဝေဒနာများကို ခံစားနေရသည့်ကြားမှာပင် ဦးအောင်ခန့်သည် အိမ်ကိုသတိရသည်။ မမြလေးတို့ သားအမိတစ်တွေ ဘယ်လိုရှိကြပါလိမ့်။ ဘယ်လိုနေ၍ ဘယ်လိုစားကြပါလိမ့်စသည်ဖြင့် တွေးရသည်မှာ အမော။

မိမိ၏ လွတ်မြောက်ရေးအတွက် ပူပန်ရသည်ထက်ပင် အိမ်အတွက် ပူပန်စိုးရိမ်ရခြင်းက ပိုမိုသည်။ ဒဏ်ရာများကြောင့် အိပ်မပျော်နိုင်သောကာလတွင် စိတ်အတွေးက အိမ်သို့သာရောက်နေသည်။ ရေနံ့သာရှိ မိမိ၏အိမ်ခန်းသို့ တောင့်တမိသောစိတ်ဆန္ဒများက ကြီးစိုးထားသည်။

အကျဉ်းခန်းတံခါးပေါက်မှ ပြင်ပသို့ လှမ်းကြည့်လိုက်လေလျှင် နှင်းများဝေမှုန်နေသည်ကို မြင်ရသည်။ ရေနံ့သာရှိ မိမိအိပ်ခန်းပြတင်းပေါက်မှ လှမ်း၍ မြင်တွေ့ရသော နှင်းဖြင့် ဝေမှုန်နေတတ်သည့် ရှုခင်းကို ဦးအောင်ခန့် အမှတ်ရနေလေသည်။

နေအရောင်သည် တစ်စထက်တစ်စ ရင့်လာသည်။ နေရောင်ခြည်သည် နှင်းကို မြေပြင်မှ တွန်းဖယ်မောင်းထုတ်နေသည်။ တဖြည်းဖြည်း နှင်းပြယ်စပြုလာသည်။

ခင်ခင်ကြီးသည် ယခုတိုင်အောင် ပြတင်းပေါက်မှာ ငူငူငိုင်ငိုင်ကြီး ထိုင်နေမိဆဲဖြစ်သည်။ လမ်းဆီသို့ ငေးနေမိဆဲဖြစ်သည်။

လမ်းပေါ်မှ စက်ဘီးတစ်စီးဖြင့် ရေနံ့သာကို ဖြတ်ကျော်သွားသူတစ်ဦးကို မြင်နေရသည်။ အစသော် ခင်ခင်ကြီး ထိုသူအား အမှုမဲ့အမှတ်မဲ့ ဖြစ်နေသည်။ ဂရုမစိုက်မိ။ နောက်တော့ ထိုစက်ဘီးကလေး ရေနံ့သာရှေ့မှ ဖြတ်၍စီးနေသည်မှာ တစ်ကြိမ်မကတော့ကြောင်း သတိထားလာမိသည်။ သုံးလေးကြိမ်မျှ ရှိပြီဖြစ်ကြောင်း တွေ့ရသည်။ ထိုမျှသာမက စက်ဘီးသမား၏မျက်နှာကိုလည်း တွေ့ဖူး မြင်ဖူးသည်ဟု ထင်သည်။ စောစောပိုင်းက နှင်းကြောင့် သူ့ကို သဲကွဲစွာမမြင်ခဲ့ရ။ ယခုတစ်ခေါက်တွင် သူ၏အသွင်သည် ပိုမိုထင်ရှားလာသည်။

ယင်းသို့ စက်ဘီးဖြင့် ရေနံ့သာရှေ့မှ ခေါက်တုံ့ခေါက်ပြန် စီးနေသူမှာ ကျော့မောင်ဖြစ်ကြောင်း ခင်ခင်ကြီး တွေ့ရလေသည်။ ကျော့မောင်၏မျက်နှာကို အမှတ်ရလာလေသည်။

ကျော့မောင်သည် ရေနံသာရှေ့မှ ရိုးရိုးတန်းတန်းဖြတ်ကျော်သွားသည်မဟုတ်။ အိမ်ဘက်သို့ ဂရုတစိုက် ကြည့်သွားတတ်ကြောင်း တွေ့ရသည်။ တစ်စုံတစ်ယောက်နှင့် တွေ့ဆုံလိုဟန်တူသည်။ ခင်ခင်ကြီး ထိုင်နေသောနေရာတွင် အရိပ်ကျနေရာ ခင်ခင်ကြီးအား သူမမြင်။

ကျော့မောင်တွင် အကြောင်းတစ်စုံတစ်ရာ ရှိလိမ့်မည်ဟု ခင်ခင်ကြီးထင်သည်။ ဖေဖေ၏ ကိစ္စများလေလား ဟူသောအတွေးကြောင့် ကျော့မောင်အား ဆင်း၍တွေ့ရလျှင် ကောင်းလေမည်လားစဉ်းစားမိသည်။ တစ်ဆက်တည်းမှာပင် ကျော့မောင်ဟူသည် မောင်မောင်ဦးနှင့် ဆက်စပ်နေသူဖြစ်သည်ဟူသော အတွေးကြောင့် မတွေ့သင့်ဟု ယူဆလာမိပြန်သည်။

ကျော့မောင် နောက်တစ်ပတ်ပြန်ကြော့လာသည်။ သူကား လူတစ်ဦးတစ်ယောက်ကို မတွေ့ရမချင်း အိမ်ရှေ့မှ စက်ဘီးဖြတ်နင်းနေမည့်အသွင် ဖြစ်သည်။ သူ့တွင် ရေနံ့သာအတွက် သတင်းတစ်စုံတစ်ခုပါလာနေသည်ကား အမှန်ပင် ဖြစ်ပုံရသည်။

ခင်ခင်ကြီးသည် စိတ်ဆုံးဖြတ်လိုက်သည်။ အစေခံမိန်းကလေးကို ခေါ်သည်။ ခြံတံခါးဆီသို့ သွားနေရန် ပြောသည်။ သူမကိုယ်တိုင်ကမူ ပြတင်းပေါက်မှပင် စောင့်ကြည့်နေသည်။

ကျော့မောင် တစ်ပတ်ပြန်လှည့်လာသည်။ အစေခံမိန်းကလေးကို တွေ့သည်။ သူသည် စက်ဘီးကို ရပ်သည်။ မိန်းကလေးအား တစ်စုံတစ်ခုပြောသည်။ ထို့နောက် စာတစ်စောင် ထုတ်ပေးသွားသည်။

အစေခံမိန်းကလေး ခင်ခင်ကြီး၏ အခန်းသို့ ရောက်လာသည်။ စာပေးသည်။ ခင်ခင်ကြီးသည် စာကို အလျင်စလို ဖောက်မိသည်။

